www.burmeseclassic.com

# ဖြူးဆရာတော်

ဘဒ္ဒန္တနရပတိ

(ဓမ္မကထိကဗဟုဇနဟိတဓရ)

# နတ်တို့တမ်းတာ လူ့ဘဝ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ

သာသနဓဇ ဓမ္မာစရိယ (ဓမ္မကထိက ဗဟုဇနဟိတဓရ)

ဓမ္မ နာယကဆရာတော် ဓမ္မစေတီသာသနာ့ရိပ်သာ

ဝင်းဝင်းလမ်း၊ ဖြူးမြို့၊ ပဲခူးတိုင်း။ ဖုန်း - ၀၅၄-၄၀၀၀၂

ရက်စွဲ၊ ၁၉၉၉-ခုနှစ်၊ အောက်တိုဘာလ ( ၁ )ရက်။

အကြောင်းအရာ။ ။ တရားပုံနှိပ်ထုတ်ဝေခြင်းနှင့်မူပိုင်လွှဲပြောင်းပေးအပ်ခြင်း။

လူကြီးမင်းခင်ဗျာ -

ပဲခူးတိုင်း ဖြူးမြို့၊ ဝင်းဝင်းလမ်း၊ ဓမ္မစေတီသာသနာ့ရိပ်သာကျောင်းတိုက် ကမ္မဋ္ဌာနာစရိယ(ဓမ္မကထိက) ဗဟုဇနဟိတဓရ ဘဒ္ဒန္တနရပတိ ဆရာတော် ဟောကြားတော်မူခဲ့သော တရားတော်များနှင့်စပ်လျဉ်း၍ -

(၁) ၁၉၉၉-ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှစ၍ ရှေ့သာသနာပြုကာလအတွင်း ၁၉၉၉-ခုနှစ်၊ အောက်တိုဘာ(၁)ရက်နေ့မှစ၍ ဟောကြားမည်ဖြစ်သော ဆရာတော်ဘုရား၏ တရားတော်တိုင်း၊

(၂) တရားတော်ဟောဆိုရာတွင် ဆရာတော်ဘုရားကြီးဟောကြားပြီးဖြစ်သည့် တရားတော်များကို တိတ်ခွေသွင်း၍ သာသနာ့ပြုခဲ့သော တိတ်ခွေများမှ စာအုပ်အဖြစ်သို့ ပြောင်းလဲထုတ်ဝေခြင်းတိုင်း၊

(၃) နောင်အခါတွင် ဆရာတော်ဘုရားဟောကြားသည့် တရားတော်များကို အသံသွင်းထားသော တရားတိတ်ခွေများမှ စာအုပ်အဖြစ်သို့ ပြောင်းလဲထုတ်ဝေခြင်းကိုင်း။

အထက်ဖော်ပြပါအကြောင်းအရာ (၁) မှ (၃) အထိကို အောက်တွင်ဖော်ပြထားသည့်

- ဦးညွန့်အောင်
- အမျိုးသားမှတ်ပုံတင်အမှတ် (ကေသခန(နိုင်)-၀၀၂၅၅၅)
- မြဝတီစာပေပိုင်ရှင်
- အမှတ်-၄၉၅၊ အခန်း(၂)လမ်း၊ ၆-ရပ်ကွက်၊ အောင်ဥဿုလာ..., ရန်ကုန်မြို့။

တစ်ဦးတည်းပိုင်သော ပုံနှိပ်ခြင်း၊ စာအုပ်ထုတ်ဝေခြင်း၊ ဖြန့်ချိရောင်းချခြင်း စသည့်အရေးကိစ္စများလုပ်ကိုင်ခွင့် "မူပိုင်ခွင့်" ကို ဤစာအရ အပြီးတိုင်ပေးအပ်ကြောင်း ဆရာတော်ကိုယ်တိုင် လက်မှတ်ရေးထိုးပါသည်။

ဆရာတော် ဦးနရပတိ

ကမ္မဋ္ဌာနာစရိယ (ဓမ္မကထိက)

---

သာသနဓဇဓမ္မာစရိယ၊ ဗဟုဇနဟိတဓရ ဓမ္မကထိက၊

ကမ္မဋ္ဌာနာစရိယ ဖြူးဆရာတော်

# ဘဒ္ဒန္တနရပတိ မဟာထေရ်မြတ်

ဟောကြားတော်မူအပ်သော

# နတ်တို့တမ်းတ လူ့ဘဝ

# တရားတော်

သာသနာနှစ်-၂၅၄၄ သက္ကရာဇ်-၂၀၀၀ ပြည့်နှစ်

www.burmeseclassic.com

www.burmeseclassic.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် = ၃၉၇/ ၂၀၀၀ (၆)
မျက်နှာဖုံးကြိုတင်ခွင့်ပြုချက်အမှတ် = ၄၆၇/ ၂၀၀၀ [redacted] (၈)

ပထမအကြိမ်
၂၀၀၀-ပြည့်နှစ်၊ ဩဂုတ်
**တန်ဖိုး - (၂၀၀)ကျပ်**
အုပ်ရေ (၂၀၀၀)
**မျက်နှာဖုံးပန်းချီ**
စတားကာလာ
**ကိုယ်သီး**
**ထုတ်ဝေသူ**
ဒေါ်ရွှေအိမ် (မြ-၀၁၂၉၉)
အမှတ် (၈/၆၅)၊ အုပ်စု (၃)၊ အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း၊
အင်းစိန်၊ ရန်ကုန်မြို့။

**ဖလင်၊ မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ကိုညွန့်အောင် (မြ-၀၅၇၂၃)
ဖြိုးအော့ဖ်ဆက်ဖလင်နှင့်အော့ဖ်ဆက်ပုံနှိပ်လုပ်ငန်း
အမှတ်(၁၇၇)၊ ၃၁-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့


**ဖြန့်ချိရေးဌာန**
၁။ ဖြိုးအော့ဖ်ဆက်ဖလင်နှင့်အော့ဖ်ဆက်ပုံနှိပ်လုပ်ငန်း
အမှတ်(၁၇၇)၊ ၃၁-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်။
(ဖုန်း-၂၇၃၃၃၈)
၂။ အမှတ်(၄၉၅)၊ အင်း၀(၅)လမ်း၊ ၆-ရပ်ကွက်၊
တောင်ဥက္ကလာပ။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ခုဇ္ဇုတ္တရာထေရီ | ၇ |
| ၃။ | တရားမရကောင်းသူ ၁၆-ဦး | ၁၃ |
| ၄။ | ယနေ့လူ့ဝတ်ကြောင်းများ အထူးသတိထား | ၁၇ |
| ၅။ | ဗုဒ္ဓဘာသာဝင်များ သိမှတ်စရာ | ၂၂ |
| ၆။ | သီလလုံခြုံအောင်ထိန်း | ၃၀ |
| ၇။ | ခုဇ္ဇုတ္တရာ သီလပျက်မှာ ကြောက်ပြီ | ၃၅ |
| ၈။ | ခုဇ္ဇုတ္တရာ သောတာပန်တည် | ၄၀ |
| ၉။ | ခုဇ္ဇုတ္တရာ ရှစ်ကျပ်ဖိုးလုံး ပန်းဝယ် | ၄၅ |
| ၁၀။ | နတ်တို့ သေခါနီး ရှေ့ပြေးနိမိတ် ၅-မျိုး | ၆၄ |


www.burmeseclassic.com

www.burmeseclassic.com



# ဖြူး ဆရာတော် ဦးနရုပ်တိ

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

နတ်တို့ တမ်းတ လူ့ဘဝ။

တရားအမည်က ကိုင်လှုပ်နိုးထစေသည်သို့ ရှိသည်။

ဟုတ်ပါသည်။ နတ်စည်းစိမ် နတ်ချမ်းသာ နတ်ဘုန်းခိုး အမျိုးမျိုးသော နတ်တို့၏ ဂုဏ်ဒြပ်အပေါ် အထင်ကြီး အမြင်ကြီးရုံသာမက ဘဝတစ်ပါး ပြောင်းသွားကွယ်လွန်သောအခါ နတ်ဘဝကို ရလိုရောက်လိုသူတို့အား ကိုင်လှုပ်လိုက်သည်။

လူတို့က နတ်ဘဝကို တမ်းတသည်။ တောင့်တသည်။

နတ်တို့က လူ့ဘဝကို တမ်းတသည်။ တောင့်တသည်။

ဤသို့ ဆန့်ကျင်ဘက် သဘောတရား၏ ဒွန်တွဲ လွန်ဆွဲနေကြကုန်သော လောကပြိုင်ပွဲကြီး၌ **နတ်တို့တမ်းတ လူ့ဘဝ**သည် ခုံသမာဓိ တရားသူကြီးတစ်ဦးအနေဖြင့် နှိုင်းချိန် ဆုံးဖြတ်ပေးမည့် **လောကတရားရှင်**ဟု ဆိုရမည်သာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝနှင့် နတ်ဘဝ။ အဘယ်ဘဝသည် အဘယ်ဘဝထက် မြင့်မြတ်ပါလေမည်နည်း။

မြင့်မားသော အရာ၊ မွန်မြတ်သော ဝတ္ထုကိုမှ ရချင်၊ လိုချင်၊ တမ်းတချင်သည်မှာ သဘာဝပါ။ ထိုသို့ ဖြစ်ပါမူငြား မြင့်သောအရာ၊ မြတ်သောဝတ္ထုတို့ကို မိမိတို့ အလိုရှိသလို ရကြလေသည်လား။

နတ်တို့တမ်းတ လူ့ဘဝ တရားတော်သည် အထက်ပါ **လေမည်နည်းနှင့် လေသည်လား** ပြဿနာနှစ်ရပ်အား လိုရင်းမိမိ အဖြေညှိပေးထားသော တရားတော်ပင် ဖြစ်ပါသည်။

**လူ**ဆိုသည်မှာ ပါဠိအခေါ် မနုဿဟူ၍ ဖြစ်သည်။ **မနုဿ** ၌ **မန**တစ်ပုဒ်၊ **ဉဿ**တစ်ပုဒ် ခွဲထုတ်ရသည်။ ထိုနှစ်ပုဒ်ကို သမာသ် ဝင်ခြင်းဖြင့် **မနုဿ**ဟူ၍ ဖြစ်လာရသည်။

**မန**ပုဒ်က **သိ**ဟူသော အဓိပ္ပာယ်ကို ဆောင်သည်။

**ဉဿ**ပုဒ်က **များပြားခြင်း ကြွယ်ဝခြင်း**ဟူသော အဓိပ္ပာယ်ကို ဆောင်သည်။

ထို့ကြောင့် **မနုဿ= လူ= အသိများသူ၊ အသိကြွယ်ဝသူ** ဟူ၍ ခေါ်ဆိုရသည်။

ထိုသို့ အသိများသူ၊ အသိကြွယ်ဝသူဟု ခေါ်ဆိုရသော လူသားသည် ပညတ်သွားရာ ဓာတ်သက်ပါဆိုသော စကားအတိုင်းပင် အရာရာကို တစ်သိတည်း သိချင်နေတော့သည်။

ဘာသာရေး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် သိစရာတွေကလည်း များလှပါဘိ။ သည်ကြားထဲ ဟိုလူ့အကြောင်း၊ သည်လူ့အကြောင်း သောင်းပြောင်းထွေလာတွေကလည်း ရှိသေးသည်။ ထို အသိ၊ ဤ အသိ အလီလီသော အသိတွေကို ဆန်းခါချကြည့်လိုက်သောအခါ . . .

၁။ သိချင်သည်၊

၂။ သိနေသည်၊

၃။ သိသင့်သည်၊

ဟူသော သိသုံးလုံးကို ဆန်ခါတင် မြင်ရပေလိမ့်မည်။

**သိချင်သည်** အလုံးကို ခွဲခြမ်းစိတ်ဖြာလိုက်သောအခါ ကုသိုလ်၊ အကုသိုလ်၊ သုခ၊ ဒုက္ခ၊ ဝိဇ္ဇာ၊ အဝိဇ္ဇာ၊ သာရ၊ အသာရ စသည်ဖြင့် အဖြူနှင့်အမည်း ရောထွေးနေသည်ကို တွေ့ရသည်။

**သိနေသည်** အလုံးကို ထုထောင်း ခွဲကြည့်လိုက်သောအခါ ဘုံဘဝဝယ် ကြုံရတယ် ဆိုသကဲ့သို့ပင် ဘဝ အတွေ့အကြုံအရ ဖြတ်သန်းလာခဲ့ရသော လောကဓံနှင့် ယှဉ်သည့် အသိတွေ ဖြစ်နေကြောင်း တွေ့ရသည်။ အကျိုးရှိတာ ဖြစ်နိုင်သလို အကျိုးမဲ့တွေလည်း ဖြစ်နိုင်သည်။ ချမ်းသာကြောင်းတရားတွေ ဖြစ်နိုင်သလို ဆင်းရဲကြောင်းတွေလည်း ဖြစ်နိုင်သည်။ အကျိုးတရားနှင့် အဆိုးတရား ရောထွေးနေသည့် သဘောကို တွေ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com

**သိသင့်သည်** အလုံးကို တစ်ကန့်စီ တစ်ကန့်စီ စိတ်မြှာကြည့် လိုက်သောအခါ အကျိုးရှိခြင်း၊ ချမ်းသာခြင်း၊ ကြီးပွားခြင်း၊ တိုးတက် ခြင်း၊ အနှစ်သာရရှိခြင်း၊ သစ္စာဆိုက်သော တရားဖြစ်ခြင်း စသည့် ပဉ္စပွင့် သိသရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာတရားတွေသာ ဖြစ်နေကြောင်း တွေ့ရပေသည်။

**နတ်တို့တမ်းတ လူ့ဘဝ** တရားတော်သည် သိသင့်သည်ကို သိစေလိုသော စေတနာဖြင့် ဟောဖော်ညွှန်ကြားထားတော်မူသော မေတ္တာတရားပင် ဖြစ်ပါသည်။ သိသင့်သည်ကို သိကြရပြီး နှီးကြား ကြိုးစားနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

**မေတ္တာစေတမန်**

၁၂–၈–၂၀၀၀

သာသနဓဇဓမ္မာစရိယ၊ ဗဟုဇနဟိတဓရ ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ၊ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ မဟာထေရ်မြတ်

# နတ်တို့တမ်းတ လူ့ဘဝတရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## နိဒါန်း

သာသနာတော်နှစ် ၂၅၄၁–ခု၊ ကောဇာသက္ကရာဇ် ၁၃၅၉– ခုနှစ်၊ ဥတုပေါ်မန္တ ဆောင်းလရာသီ၊ နတ်တော်လဆန်းကျော် ၁၄– ရက်နေ့၊ ရန်ကုန်တိုင်း၊ ရန်ကုန်မြို့၊ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အခြေစိုက်၍ သာသနာပြုတော်မူရာ မဟာစည်သာသနာ့ရိပ်သာ ဖန်ယဉ်ဓမ္မာရုံ၌ (၄၈)ကြိမ်မြောက် ဩဝါဒ ခံယူ ပူဇော်ပွဲ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ရွှေရတုသဘင်ပွဲ၌ ဟောကြားအပ်သည့် သုတ္တန္တပိဋက၊ ခုဒ္ဒကနိကာယ်၊ ဣတိဝုတ္တက ပါဠိအဋ္ဌကထာတွင် လာရှိသည့် "ပဉ္စပုဗ္ဗနိမိတ္တာသုတ္တန်ဒေသနာ"၊

www.burmeseclassic.com



အဲဒီ သုတ္တန်ဓမ္မဒေသနာတော်ကို ဘုန်းကြီးတို့မှုအရ မြန်မာ နာမည်လေး ပေးပေးပြီးတော့ ဟောနေကျဖြစ်ပါတယ်။ အဲဒီမှုက လည်းပဲ ဘုန်းကြီးတို့ ဖြူးမြို့မှာ ဆရာတော်ဘုရားကြီး ချီးမြှင့်တော် မူချက်အရ ရိပ်သာပွဲအနေအားဖြင့် ကုသိုလ်ဖြစ် အခမဲ့ ကျွေးမွေး လှူဒါန်းလာခဲ့တာ (၂၁)နှစ် ရှိသွားပါပြီ။ ဝါတွင်းသုံးလ ရက်ပေါင်း ကိုးဆယ်တစ်ကြိမ်၊ တန်ခူးတစ်လ ရက်ပေါင်းသုံးဆယ် တစ်ကြိမ် ဆိုပြီးတော့ နှစ်ကြိမ်၊ နှစ်ကြိမ် ဖွင့်ပါတယ်။ ကျန်တဲ့အချိန်ကတော့ အချိန်ပိုင်းပေါ့။ အဲဒီမှာ ကုသိုလ်ဖြစ် ကျွေးမွေး ပြုစုလာတဲ့အခါမှာ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ပဒေသာပင်၊ အဲဒီလို ကုသိုလ်တွေ၊ ကျောင်း ကန်ဘုရား အလှူတွေ လှူတဲ့အခါ မှတ်တမ်းတင် တိပ်ခွေလေး ဟောပေးလေ့ရှိပါတယ်။ အဲဒီတော့ ပါဠိအမည်လေးနဲ့ သုံးထားတော့ လူတွေအနေနဲ့ မှတ်ရခက်တယ်။ မြန်မာနာမည်သုံးထားတော့ နောက်လူ နောက်လူများက အရှင်ဘုရား ဘယ်တုန်းက ဟောကြား တဲ့တရားလေး တပည့်တော်တို့ကို ပြန်လည် ဟောကြားပေးပါ စသည် ဖြင့် မှတ်သားရ လွယ်အောင်လို့ ဘုန်းကြီးတို့က မြန်မာနာမည်လေး ပေးလေ့ရှိပါတယ်။

## တရားပလ္လင်

အဲဒီ မြန်မာနာမည်ကတော့ "နှတ်တိုတမ်းတ လူ့ဘဝ" တဲ့။

"ဘာတရားတုံး ..."

"နှတ်တိုတမ်းတ လူ့ဘဝတရားပါဘုရား"



ထိုတရား မဟောကြားမီ ဘုန်းကြီးတို့ရဲ့ နှလုံးမှန်ပြင်မှ ဖြစ်ပေါ် လာတဲ့ မေတ္တာဆန္ဒ စေတနာဖြင့် သူတော်ကောင်းနှတ်တို့အား အာသီသ ပတ္ထနာ လိုလားဆုတောင်းရင်းဖြင့် တရားပလ္လင် ဖွင့်ပါ မယ်။

ဗုဒ္ဓေါ ရက္ခတု ဝေါ သဒါ၊
ဓမ္မော ရမတု မာနသေ။
သံဃော ဒေတု သုခံ သဗ္ဗေ၊
ဒေဝါ မာနေန္တု ဝေါ သဒါ။

**ဘဝန္တော** – (၄၈)ကြိမ်မြောက် ဩဝါဒခံယူပူဇော်ပွဲ၊ ဗုဒ္ဓ သာသနာ နုဂ္ဂဟအသင်းကြီး၏ ရွှေရတုသဘင် နှစ် (၅၀)ပြည့် ဓမ္မသဘင် ပါဝင်လှူရှင်များ အနယ် နယ် အရပ်ရပ်မှ ရဟန်းရှင်လူ သူတော်စင် အပေါင်းတို့အား။

**တုမှာကံ** – ဘုရားအကြိုက် တရားစိုက်၍၊ ဘုရားအကြိုက် တရားလိုက်၍ အားစိုက်ပျော်ရွှင် သင်သူတော်စင် တို့အား။

**ဗုဒ္ဓေါ** – သစ္စာလေးရပ် တရားမြတ်ကို ပိုင်းခြားထင်ထင် သိမြင်ပေတတ် ဘုရားရှင် ကိုယ်တော်မြတ်ကြီး သည်၊

**သဒါ** – နေ့ရောညဉ့်ပါ အခါမလပ် အချင်းခပ်သိမ်း။

www.burmeseclassic.com

www.burmeseclassic.com



**စိရံ** – အနှစ်များမြှောင် ငါးထောင်တို့ကာလကြာအောင်၊

**ရက္ခတု** – ရာဟုလာသား မဟာထေးသကဲ့သို့ မများမသေ့ စောင့်ရှောက်တော်မူပါစေသား။

**ဓမ္မော** – မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် အမြွတ်ထင်ပေါ် ဆယ်ပါးသော တရားတော်မြတ်သည်၊

**ဝေါ် တုမှာကံ** – တရားဆိုလျှင် ကြားလိုချင်လျက် ဘဝင် ဟဒယ ရွှင်ပျပျဖြင့် အညမည် သဘင်ခံလျက် သိဉာဏ် လိုလား သင် အမျိုးသမီး အမျိုးသားတို့၏

**တာနသော** – ကြာဖူးငုံအသွင်သဏ္ဍာန်လို အင်မတန် သိမ်မွေ့တဲ့ နှလုံးသား၌၊

**ရမတု** – နာလှုမှတ်သား ကျင့်ကြံပွားသောအားဖြင့် မများမသေ့ ပျော်မြူးပါစေသား။

**သံဃော** – မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်များစွာ အရိယာနှင့် ယခု ရှိတော်မူကြသည့် သမ္မုတိတွင်ပြား သံဃာတော်မြတ်အများသည်၊

**တုမှာကံ** – သဒ္ဓါတတ် အလင်းရောင်ကို တွေ့ဆောင်ကာ မပြတ်ပွားလို့မို့ မြတ်တရားကိုယ်စီ ရှာကြကုန်သော သင် သူတော်စင် အပေါင်းတို့အား



**သုခံ** – လူနတ်နိဗ္ဗာန် ရောက်ကြောင်းမှန်သည့် အခြေခံ စည်း နည်းနိသနှင့် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို၊

**သဗ္ဗေ** – ကြွင်းမဲ့ဥသုံ အလုံးစုံကုန်သော၊

**ဒေဝါ** – အာကာသဋ္ဌ ဘူမဋ္ဌနှင့် သက္ကပြဟ္မာ နတ်ဒေဝါ တို့သည်၊

**ထုမှာကံ** – ဘုရားအကြိုက် တရားလိုက်၍ အားစိုက် ပျော်ရွှင် သင်သူတော်စင်တို့အား၊

**သဒါ** – နေ့ရောညဉ့်ပါ ဘယ်ခါမလပ် အချင်းခပ်သိမ်း၊

**မာနေန္တု** – ဘေးမသီ ရန်မခ အေးကြည်ချမ်းမြအောင် မုချ မသေ့ စောင့်ရှောက်သနား မြတ်နိုးတော်မူကြပါစေ ကုန်သတည်း။

ဘုန်းကြီးတို့ ပေးလိုက်တဲ့ ဆန္ဒ မေတ္တာ စေတနာကို ခံယူသောအားဖြင့် နှုတ်ဝစီလေးတွေ အသီးသီး ပွင့်ပြီးတော့ မေတ္တာကတိပြုကြရအောင်၊ ဆိုကြရအောင်။

- ထိုယ်နှလုံးသား၊ မြတ်ဘုရား၊ ထိန်းပြားအစဉ် ဆောင်ပါစေ။
- ထိုယ်နှလုံးသား၊ မြတ်တရား၊ သိပြားအစဉ် ပျော်ပါစေ။
- ထိုယ်နှလုံးသား၊ သံဃာများ၊ ခိုနားချမ်းသာပေးပါစေ။
- ထိုယ့်နှလုံးသား၊ ဒေဝါများ၊ သနားမြတ်နိုးကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာအပေးအယူဆန္ဒပြုလို့ ယနေ့ ဘုန်းကြီးတို့ ဟောကြား ကြည်ညိုဖို့ရာ နာမည်ပေး ကြေညာထားတဲ့ တရားတော်က ဘာတဲ့။

"နတ်တို့တမ်းတ လူ့ဘဝ"

တရားတော်အမည်ကို စိတ်ဝင်တစားနဲ့ ဉာဏ်အမြင်အားဖြင့် ကြည့်လိုက်မယ်ဆိုရင်ပဲ မနုဿတ္တဘာဝေါ ဒုလ္လဘော– လူ့ဘဝ ရခြင်းဟာ အင်မတန်မှ တန်ဖိုးရှိတယ်ဆိုတာ နတ်တို့ကတောင် တမ်းတရတဲ့ လူ့ဘဝပါ။

ဘာတွေကြောင့် နတ်တွေက တမ်းတရတယ်ဆိုတာကို ရှေ့ဆက်ပြီး အာရုံယူပွား သဒ္ဓါထားကြရအောင်။



## ခုဇ္ဇုတ္တရာထေရီ

**ဝုတ္တံ ဟေတံ ဘဂဝတာ၊ ဝုတ္တ မရဟတာတိ မေ သုတံ။**

အခြားအခြားသော သုတ္တန်ဒေသနာတော်များမှာ သံယုတ်၊ အင်္ဂုတ္တိုရ်၊ ပဏ္ဏာသ စသည်မှာတော့ "ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ" စသည်ဖြင့် လာပါတယ်။ အခု ဒီသုတ္တန်မှာတော့ သုတ္တနိပါတ်၊ ခုဒ္ဒကနိကာယ်၊ ဣတိဝုတ္တက ပါဠိတော် အဋ္ဌကထာမှာ လာရှိတဲ့ ဒေသနာဖြစ်သောကြောင့် "ဧဝံ မေ သုတံ၊ ဧကံ သမယံ ..'စသည်ဖြင့် ဒေသနာနိဒါန်း မချီခဲ့ပါဘူး။

ဒီသုတ္တန် ဘယ်သူဟောသလဲဆိုရင် ဣတိဝုတ္တကပါဠိတော်ကြီးတစ်ခုလုံး အမျိုးသမီးဖြစ်ခဲ့တဲ့ ခုဇ္ဇုတ္တရာထေရီ သို့မဟုတ် မယ်ခုဇ္ဇ ဟောတဲ့တရား။ အမျိုးသမီးထုထဲက တို့ ဒကာ ဒကာမတွေ အာရုံပြု ပွားပြီးတော့မှ ပြော် .. သင်္ဂီတိကာရက သင်္ဂါယနာတင်တော်မူကြတဲ့ ရှင်မဟာကဿပ၊ ရှင်ဥပါလိ၊ ရှင်အာနန္ဒာ စသည့် အလီလီသော ရဟန္တာထေရ် အရှင်မြတ်ကြီးတွေ နောက်ပိုင်း ယနေ့တိုင်အောင်

www.burmeseclassic.com



ဆဋ္ဌသင်္ဂါယနာအထိ နှစ်ပေါင်း ၂၅၄၁–နှစ်ကြာ မတိမ်ကော မပပျောက်အောင်လို့ သင်္ဂီတိကာရကာ သင်္ဂါယနာတင်ခံရတဲ့ "ဣတိဝုတ္တက ပဉ္စပုပ္ဖနိမိတ္တသုတ္တန်"ဆိုတာ တို့ အမျိုးသမီးထိက ဟောခဲ့တဲ့ တရားပါလားလို့ ဂုဏ်ယူစေလိုပါတယ်။ မှန်ရဲ့လား ပရိသတ်။

(မှန်ပါတယ်ဘုရား)

အဲဒီတော့ အဓိပ္ပာယ်က ဘာလဲ–

**ဝုတ္တံ ဟေတံ ဘဂဝတာ၊ ဝုတ္တ မရဟတာတိ မေ သုတံ။**

ဒါလည်းပဲ ခုဇ္ဇုတ္တရာထေရီက သူ့ရဲ့ဉာဏ်ရည် ဉာဏ်သွေး **အနေအားဖြင့်** တွေးတောဆင်ခြင်ပြီးတော့ ဟောတာ မဟုတ်ပါဘူး။

**ဝုတ္တံ ဟေတံ ဘဂဝတာ**ဆိုတာက

**ဧတံ သုတ္တံ**– ဤပဉ္စပုပ္ဖနိမိတ္တသုတ္တန်ခေါ်တဲ့ နှတ်တို့တမ်းတလူ့ဘဝဆိုတဲ့ တရားတော်ကို၊ **ဘဂဝတာ**– ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်၊ **ဝုတ္တံ**– ဟောတော်မူအပ်တဲ့ စကားတော်။

သူကတစ်ဆင့်အနေအားဖြင့် ဟောပြတာ။ ဘုရားဟောတဲ့တရား။ (ဟုတ်ပလား)

နောက်ထပ် ထပ်ဆင့်ပြီးတော့ **ဝုတ္တ မရဟတာတိ မေ သုတံ။**

**အရဟတာ**– မြတ်စွာဘုရားသည်၊ **ဝုတ္တံ**– ဟောတော်မူအပ်သော၊ **ဧတံ သုတ္တံ**– ဤပဉ္စပုပ္ဖနိမိတ္တသုတ္တန်ခေါ်တဲ့ နှတ်တို့တမ်းတလူ့ဘဝဆိုတဲ့ တရားတော်ကို၊ **မေ**– ခုဇ္ဇုတ္တရာတွင်ခေါ် ထေရီမဘုရားတပည့်တော်သည်၊ **သုတံ**– နားနှင့်ဆတ်ဆတ် ကောင်းစွာမသေွ ကြားနာခဲ့ရတဲ့ တရားတော်အစစ်ပါပေတကား။



သာဓု ‥ သာဓု ‥ သာဓု။

တရားတော်ရဲ့ တိကျ ခိုင်မာမှုကို ခုဇ္ဇုတ္တရာဆိုတဲ့ သုတ္တန်ပိုင်ရှင် ထေရီမကြီးက ကြေညာခဲ့ပါတယ်။ သူ ဘယ်လိုဖြစ်ပြီးတော့ ဒီသုတ္တန်ဒေသနာတော်တွေကို ဟောနိုင်တာလဲ၊ အဲဒါလေးကိုလည်း နောက်ကြောင်းသမိုင်းကို ပြန်ကြည့်ရင် ပိုပြီးတော့ ကြည်လင်ပြီး တရားတော်က ပီပြင်စရာ ဖြစ်လာပါတယ်။

အဲဒီ ခုဇ္ဇုတ္တရာဆိုတဲ့ ထေရီမကြီးဟာ တစ်ချိန်က ဥဒေနဘုရင် သာမာဝတီမိဖုရားကြီးရဲ့ ပန်းအဝယ်တော် ဖြစ်ခဲ့ပါတယ်။ ဒါကတော့ ဒါသီ ကျွန်မလေးပေါ့။ ဒီနေ့ခေတ်တော့ ယဉ်ယဉ်ကျေးကျေးနဲ့ ပန်းအဝယ်တော်လို့ ခေါ်ရတယ်။

ဘုရင်ကြီးဟာ သာမာဝတီမိဖုရားအား တစ်နေ့တစ်နေ့ ပန်းရှစ်ကျပ်ဖိုး၊ ရှစ်ကျပ်ဖိုး ပေးပါတယ်။ အဲဒီ ရှစ်ကျပ်ဖိုး ပေးခဲ့ရာမှာ မယ်ခုဇ္ဇာထေရီမ မဖြစ်ခင် လူ့ဘဝ၊ မယ်ခုဇ္ဇာက တစ်နေ့လျှင် ပန်းလေးကျပ်ဖိုး၊ လေးကျပ်ဖိုး ခေါင်းပုံဖြတ်ပြီးတော့ ခိုးခဲ့တယ်။ ခုဇ္ဇာဆိုတဲ့နာမည်ကလည်းပဲ သူ့ခါးက ကုန်းပြီးနေတဲ့အတွက်ကြောင့် ခုဇ္ဇာလို့ အမည်တွင်ခဲ့ပါတယ်။ ဒါလည်းပဲ 'ဝစီဘေဒ ထိတိုင်းရှ'ဆိုတာလိုပဲ ဝဋ်နဲ့ကြွေးမှာ မလွတ်သာတဲ့ အတိတ်ကံအကြောင်းတရားပါပဲ၊

www.burmeseclassic.com



## ခုဇ္ဇုတ္တရာထေရီအတိတ်အကြောင်း

ဘစ်ချိန်က ရဟန္တာမထေရ်ကြီးတစ်ပါး ခါးကြီးကုန်းပြီးတော့ သပိတ်ပိုက် ဆွမ်းခံသွားတဲ့အခါ သူက နုနယ် ရွှန်းစို ပျိုမျစ်တဲ့ အမျိုးသမီးလေးတစ်ဦး ဖြစ်ခဲ့ပါတယ်။ အဲဒီလိုဖြစ်ခဲ့တော့ ဘာသာဘာဝပေါ့လေ၊ ပျော်စေ ပျက်စေ ကလက်စေ ဆိုပြီးတော့ ဟော့.. တို့အရပ်ထဲ တို့အိမ်မှာ ဆွမ်းခံကြွတဲ့ ကိုယ်တော်ကြီးက ဟောဒီလို ဟောဒီလို .. ဆိုပြီးတော့ ကိုယ်တော်ကြီး ကြွသလို ခါးလေးကုန်း ကုန်းပြီးတော့ ပြောင်လှောင်ကျီစယ်ခဲ့တယ်။ အဲဒီ ဝဋ်နဲ့ ကြွမှာ မလွတ် သာတဲ့ ကာယကံကြောင့် ယခုဘဝမှာ သူဟာ ခုဇ္ဇုတ္တရာဆိုပြီးတော့ မယ်ခုဇ္ဇာ ခါးကြီးကုန်းခဲ့တယ်။

အဲဒါ ဘုန်းကြီးတို့ ဒီနေရာမှာ ဖြတ်ပြီးတော့ မေးမယ်ဆိုရင် တရားဓမ္မ ပွားများအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ အားထုတ်စဉ် ကာလမှာ အဲဒီလို ကာယကံဆိုး၊ ဝစီကံဆိုး၊ မနောကံဆိုးတွေဟာ ငြိမ်နေတယ်လို့ "တီဏိ ကမ္မာနိ သုပရိသုဒ္ဓါနိ" သံယုတ်ပါဠိတော် ကြီးမှာ ပြတဲ့အတိုင်း ကံသုံးပါးဟာ တရားဝင်နေတဲ့ ပုဂ္ဂိုလ်တွေဟာ သိမ်ဝင်ကြယ်ပါတယ်။ အရပ်စကား၊ စီးပွားစကား၊ အိမ်ထောင်စကား၊ နိုင်ငံစကား၊ ဘာစကားမှ မပြောဘဲနဲ့ တရားဓမ္မကို ပွားများအားထုတ် နေကြတဲ့အတွက်ကြောင့် မိမိ အားထုတ်တဲ့ ရက်–လအတွင်းမှာ ဟောဒီ ကာယကံဆိုး၊ ဝစီကံဆိုး၊ မနောကံဆိုး သုံးမျိုး ငြိမ်မနေဘူး လား။

(ငြိမ်နေပါတယ် ဘုရား)



မယ်ခုဇ္ဇာခမျာ တစ်ချိန်က တရားအားမထုတ်မီကာလမှာ အဲဒီလို ဝစီဘေဒ နှုတ်နဲ့ ပြောင်လှောင် ကျီစယ်ခဲ့တယ်။ ကိုယ်အမူ အရာအားဖြင့်လည်း ပြုခဲ့တယ်။ ဒါကြောင့် သူ့မှာ ခါးကြီး ကုန်းခဲ့ တယ်။ ဒုတိယတစ်ချက်က ပိဋကတ်သုံးပုံဆောင် ဖြစ်လာမယ့် ဒီ အမျိုးသမီးဟာ ဘာကြောင့် သူများရဲ့ ပန်းအဝယ်တော် အစေခံ အိမ်ဖော်မ ဖြစ်ခဲ့ရသလဲ ဆိုရင်လည်းပဲ ဝစီဘေဒ ထိတိုင်းရှုပါပဲ။

သူသည် တစ်ချိန်သော အခါကာလတုန်းက ဘုရင့်သမီးတော် ဖြစ်ခဲ့ပါတယ်။ အဲဒီမှာ အမျိုးသမီးဖော်တစ်စုက သာသနာတော် ဝင်ပြီးတော့ ဘိက္ခုနီပြုကြတယ်။ ရဟန္တာထေရီမတွေ ဖြစ်လို့ တို့ သူငယ်ချင်းမလည်း သိမ်းသွင်းမယ်လို့ လူဝတ်ကြောင်ဖြစ်တဲ့ ခုဇ္ဇုတ္တ ရာအလောင်းထံ လာကြတယ်။ ခုဇ္ဇုတ္တရာအလောင်းကလည်း အလှ ပြင်နေတဲ့အချိန် ကြုံနေသဖြင့် ရဟန္တာထေရီမကြီးရယ်လို့ သူကလည်း တယ်ပြီးတော့ ဘာသာရေး မဝင်စားသေးဘူး။ လူ့ဘဝလိုပဲ သူငယ် ချင်း အပေါင်းဖော် အနေအားဖြင့် အဲသလို ရည်မှန်းပြီးတော့ "ရှင်မတို့ အဲဒီနားက ရတနာပခြုပ်ကလေး ပေးလိုက်စမ်းပါ၊ သူ့ရဲ့ ဝတ်စား ဆင်ယင်မှု ရွှေ ငွေ ရတနာတွေ ထည့်ထားသော ပခြုပ်ကလေး။ အဲဒါကို တောင်းလိုက်တော့ ဟိုက ထေရီမကြီးတွေ စဉ်းစားတယ်။ ဩော် .. ထေရီမကြီးတွေ ဆိုပေမယ့်လို့ အမှန်တော့ သူနဲ့ မတိမ်း မယိမ်း နုနယ် ရွှန်းစို ပျိုမျစ်တဲ့ ထေရီမတွေ။

သူက စဉ်းစားတယ်။ "အကယ်၍ ငါတို့က မပေးလိုက်ဘူး ဆိုရင် သူသည် ဒေါသဖြစ်ပြီးတော့ ပြစ်မှားတော့မယ်၊ ပြစ်မှားငင်

www.burmeseclassic.com

www.burmeseclassic.com



အပါယ်လေးပါး စသည့် ကျရောက်သွားတော့မယ်၊ အကယ်၍ တို့က ယူပေးလိုက်ပြန်ပါရင်လည်းပဲ ကိုယ့်ထက် အသက်သိက္ခာ ဂုဏ်အား ဖြင့် ကြီးမားတဲ့ ပုဂ္ဂိုလ်တွေကို စေခိုင်းမိတဲ့အတွက်ကြောင့် ဖြစ်ရာ ဖြစ်ရာ ဘဝတိုင်းမှာ အမျိုးယုတ်ညံ့တဲ့ အောက်တန်းစား ဖြစ်ရတော့ မယ်။ ဘာပဲဖြစ်ဖြစ် အပါယ်လေးပါး ရောက်ရင်တော့ တရားထူး မရနိုင်တော့ပါဘူး။'' ဒါက ဘုန်းကြီးတို့ ယောဂီသူတော်စင်တွေ သိပြီးသားပါ။



## တရားမရကောင်းသူ ၁၆–ဦး

ထိရစ္ဆာန် ပြိတ္တာ၊ မိစ္ဆာများနဲ့၊ ကောက်ကျစ်စဉ်းလဲ၊ ဝဉ္စာနန့်။
ရဟန်းယောင်ဆောင်၊ ဒိဋ္ဌိပြောင်းလို့၊ ဘိက္ခုနီဖေါင်း ဖျက်ဆီးပြန်။
သံဃာဒိသေ၊ အာဝတ်ရှုပ်လို့၊ ဝဏ္ဏုတ် ဥဘတော ယော်လှပြန်။
ခုနှစ်နှစ်ကွယ်၊ ဖျမ်းမျှခြင်းနဲ့၊ လေးနှစ်ဆယ့်ငါး အရဟံ။
တရားမတန်၊ ဆယ့်ခြောက်ထဲမှာ၊ ထိုယ်လည်းပါမပါ စိစစ်ရှန်။

''အေး တရားအားထုတ်လို့ မရစကောင်းတဲ့ပုဂ္ဂိုလ် တစ်ဆယ့် ခြောက်ဦး ရှိတယ်၊ မိလိန္ဒာပဉှာ ပါဠိတော် အဋ္ဌကထာများက ပြထားတယ်။ တရားမရတဲ့ပုဂ္ဂိုလ် ဘယ်နှစ်ဦး''

''တစ်ဆယ့်ခြောက်ဦးပါဘုရား''

''တိရစ္ဆာန်၊ ပြိတ္တာ၊ မိစ္ဆာဒိဋ္ဌိဖြစ်တဲ့ ပုဂ္ဂိုလ်ရယ်၊ ကောက်ကျစ်စဉ်းလဲတဲ့ ပုဂ္ဂိုလ်၊

www.burmeseclassic.com

www.burmeseclassic.com



အမေသတ်၊ အဖေသတ်၊ ရဟန္တာသတ်၊ ဘုရားကို သွေးစိမ်းတည်အောင် ပြုလုပ်သူ၊ သံဃာကို သင်းခွဲသူ၊

သိက္ခာမတင် သိမ်မဝင်ဘဲနဲ့ ကိုယ့်သင်္ကန်း ကိုယ်ပတ်ခဲ့တဲ့သူ (တစ်နည်း) ဘုန်းကြီးက ဝတ်ပေးလိုက်လို့ အမိန့်မရဘဲနဲ့ ကိုယ့်ဟာကိုယ် သင်္ကန်းကောက်ဝတ်လာခဲ့တဲ့ ပုဂ္ဂိုလ်များဟာလည်းပဲ သေအောင် တရားအားထုတ် ဘယ်တော့မှ တရား မရပါဘူးတဲ့။ ရဟန်းယောင်ဆောင် နောက်နံပါတ် တစ်ဆယ့်တစ်က တိတ္ထိပြောင်းလို့ ဗုဒ္ဓဘာသာက ကျွန်းကြပ်တယ်၊ ဘာမလုပ်ရဘူး ညာမလုပ်ရဘူး ဆိုပြီးတော့ တခြား တိတ္ထိအယူဝါဒ ပြောင်းသွားတဲ့ပုဂ္ဂိုလ်မှာလည်းပဲ ဘယ်လိုမှ တရားမရစကောင်းပါဘူး။

**နံပါတ် (၁၂)** ဘိက္ခုနီပေါင်း ဖျက်ဆီးပြစ်။

ဘိက္ခုနီပေါင်းဆိုတာကတော့ ရှေးတုန်းက ဘိက္ခုနီသာသနာ ထွန်းကားတယ်။ နှစ် ၅၀၀၊ အခုခေတ်တော့ သာသနာနှယ်ဝင် သီလရှင်များနဲ့ တရားဓမ္မ ကျင့်သုံးတဲ့ ယောဂီတွေကို ကာယိန္ဒြေ စသည် ပျက်စီးအောင် ဖျက်ဆီးတဲ့ပုဂ္ဂိုလ်များလည်း တရား အားထုတ်လို့ မရစကောင်းပါဘူး။

**နံပါတ် (၁၃)** သံဃာဒိသေ အာပတ်ရှုပ်လို့၊

ဒါကတော့ ရဟန်းတော်များဘက်က သံဃာဒိသိသ် ၁၃-ပါးရှိပါတယ်။ အဲဒီက အာပတ်တစ်ခုခု တန်းလန်းရှိနေမယ်ဆိုရင် သူလည်းပဲ တရားအားထုတ်လို့ မရစကောင်းပါဘူး။ ဒါကြောင့် ရဟန်း သံဃာတော်များ တရားအားထုတ်မယ်ဆိုရင် ပရိဝုတ်, မာနတ်ဆောက်



တည်ပြီးတော့ သန့်ရှင်းအောင် ပြုလုပ်ပြီးမှ အားထုတ်တော်မူရတယ်၊

တစ်နည်း အာစရိဆရာများ စဉ်ဆက်ပြောတာ ကြားဖူးတာကတော့ တရားကတော့ အရင် အားထုတ်ဖို့ အခွင့်သာနေပြီ၊ ပရိဝုတ်, မာနတ်ဆောက်တည်ဖို့ အခွင့်မသာသေးရင် ငါတော့ တရား အားထုတ်ပြီးရင် ပရိဝုတ်, မာနတ် မုချကို ဆောက်တည်မယ်၊ ငါ့ အာပတ်တွေ သန့်ရှင်းအောင် လုပ်မယ်ဆိုတဲ့စိတ်နဲ့ အားထုတ်ရင်လည်း တရားရစကောင်းတယ်လို့ ဆရာများထံက ကြားသိဖူးခဲ့ရပါတယ်။

**နံပါတ်(၁၄)** ပဏ္ဍုက်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ တရား မရစကောင်းပါဘူး။

အဲဒီမှာလည်း ပဏ္ဍုက်က "အာ, ဥ, ဩ, ပက်, နပုံးဖက်၊ ငါးချက် ပဏ္ဍုက်များ"ဆိုပြီးတော့ လာပါသေးတယ်။ ထားပါတော့ ပဏ္ဍုက်လို့ပဲ နားလည်ထား။

**နံပါတ် (၁၅)** ဥဘတောဗျည်း။

ဥဘတောဗျဉ္စနက ဖြစ်တဲ့ပုဂ္ဂိုလ်၊ မိန်းမ၊ ယောကျ်ား အင်္ဂါ နှစ်ခုလုံးပါတဲ့ ပုဂ္ဂိုလ်တွေလည်းပဲ အကုသိုလ်ကံ အပြစ်က တားဆီးထားလို့ တရားမရထိုက်ပါဘူး။

**နံပါတ် (၁၆)** ငယ်လှပြန်။

အလွန် အသက်အရွယ်ငယ်တဲ့ ပုဂ္ဂိုလ်များလည်း တရား မရနိုင်ပါဘူး။ အဲဒီတော့ ကျမ်းဂန်ဒေသနာ ထောက်ထားကြည့်ရင် ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လောက်ထိအောင် ယေ်တဲ့ပုဂ္ဂိုလ်လဲလို့ ကြည့်ရင် ဘုန်းကြီးတို့ လေးနှစ် တစ်ဆယ့်ငါးရက်နဲ့ ရဟန္တာဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်ရှိပါတယ်။ ငါးနှစ်သားလေး ရဟန္တာဖြစ်တာ၊ ခုနစ်နှစ်သမီးလေးတွေ ရဟန္တာ ဖြစ်တာ ရှိတယ်။ ဒါကြောင့်–

ဖွမ်းချဉ်းငယ်၊ ခုနစ်နှစ်နဲ့ လေးနှစ်ဆယ့်ငါး၊ အရဟံ။

လေးနှစ်နဲ့ တစ်ဆယ့်ငါးရက်အောက် ငယ်ရွယ်လွန်းရင်လည်းပဲ တရားမရထိုက်ပါဘူး။ အခု ဘုန်းကြီးတို့ ပရိသတ်ထဲ အဲဒီလောက် ငယ်တဲ့ ပုဂ္ဂိုလ်များ ပါသေးလား။ (မပါပါဘူးဘုရား)

ပါရင်လည်း ပြော၊ ချိုချဉ်လေးတွေ ဝယ်ပေးမယ်၊ အဲဒီတော့ မိမိတို့က တရားရထိုက်တဲ့ပုဂ္ဂိုလ်တွေထဲမှာ ပါလို့ ဒါလေးကို သိထားပေါ့။ ကိုင်း ရှိစေတော့။



## ယနေ့ လူ့ဝတ်ကြောင်များ အထူးသတိထား

ခုပြောတဲ့စကားဟာ ရဟန္တာထေရီမတွေကို ခုဖျတ္တရာ အလောင်းက ရတနာပခြုပ် ပေးလိုက်စမ်းပါလို့ တောင်းတယ်။ မပေး ပြန်ရင်လည်း စော်ကားလို့ ခုနက ပြောတဲ့ အပါယ်လေးပါး ကျ ရောက်သွားပါက လုံးဝ တရားမရထိုက်တော့ပါဘူး။ ပေးပြန်ရင် လည်းပဲ ကိုယ့်ထက် အသက်သိက္ခာ ဂုဏ်အားဖြင့် ကြီးမားတဲ့ပုဂ္ဂိုလ်ကို စေခိုင်းမိလို့ အမျိုးယုတ်မှာ ဖြစ်ရတယ်။ အမျိုးယုတ်တာ ဖြစ်ပါစေ၊ တရားရနိုင်ခွင့် ရှိသေးတယ်ဆိုပြီးတော့ ရဟန္တာထေရီမတွေက ရတနာ ပခြုပ် ပေးလိုက်တယ်။

အဲဒီ ကိုယ့်ထက် အသက်သိက္ခာ ဂုဏ်အားဖြင့် ကြီးမားတဲ့ ပုဂ္ဂိုလ်ကို စေခိုင်းမိတဲ့အတွက်ကြောင့် အခု ဘဝဆက်တိုင်းဆက်တိုင်း သူဟာ အိမ်ဖော်မ၊ အစေခံ၊ ကျွန်မဆိုပြီးတော့ ဖြစ်ခဲ့ရတယ်။ အဲဒီ တော့ ယနေ့ လူဝတ်ကြောင်များ အထူး သတိထားဖို့။

တစ်နည်းအားဖြင့် ပြောရရင် ပစ္စည်းရှိသူ၊ ရာထူးရှိသူ၊ အခြ အရံရှိသူများ ပို၍ သတိထားကြစေလိုပါတယ်။ ကိုယ်က ပစ္စည်းနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အညီအရုံရှိတော့ လောကဟာ ကိုယ့်ကိုပဲ ပြုစုယုယစေချင်ကြတယ်။ အဲဒီလို ကိုယ့်ထက် ရှစ်ပါးသီလမှုစပြီးတော့ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေကို စေမိ၊ နိုင်းမိမယ်ဆိုရင်တော့ ဘဝဟာ သိပ်ပြီးတော့ ကြောက်စရာ ကောင်းပါတယ်။ ဘဝဟာ ကြောက်စရာ မကောင်းဘူးလား။

(ကောင်းပါတယ်ဘုရား)

အေး အဲဒါလေး သတိထားကြဖို့။ တချို့က ကိုယ့်ကျောင်းဒကာ ကျောင်းဒကာမ၊ ရှင့်ဒကာ ရှင့်ဒကာမ၊ ရဟန်းဒကာ ရဟန်းဒကာမ၊ သီလရှင်ဒကာ သီလရှင်ဒကာမ၊ ဆွမ်းဒကာ ဆွမ်းဒကာမ၊ ဥပုသ်စောင့်လာရင် လှမ်းပြီးတော့ ဆွဲခြင်းကလေး ယူမှု၊ အိတ်ကလေးမမှု ကျေနပ်တာတွေ ရှိတယ်။ လုံးဝ မလုပ်မိပါစေနဲ့။ ဘုန်းကြီးဒကာ ဒကာမများ သတိထားကြပါ။ လူဟာ လူပါ။ လူဟာ ဘာလဲ။ (လူပါဘုရား)။ သီလရှင်ဟာ ..(သီလရှင်ပါဘုရား)။ ရဟန်း သာမဏေဟာ .. (ရဟန်းသာမဏေပါဘုရား)။ အဲဒါ သတိထားကြနော်။

ဒီခေတ်က နည်းနည်း အသာစီးကလေးနဲ့ နေချင်ကြတယ်။ အေး ပြုလုပ်ပေးရင်လည်း ကိုယ်က လုံးဝ မသာယာနဲ့။ နောက်လည်း ဆက်မပြုလုပ်ပါစေနဲ့။ တချို့က ကိုယ်က မခိုင်းပေမယ့် သူတစ်ပါးက ပြုလုပ်ရင် သာယာကျေနပ်နေတယ်။ အောင်မယ် တို့ ဘုန်းကြီးက တော်တယ်၊ တို့ ဦးဇင်းက၊ တို့ကိုရင်က၊ တို့သီလရှင်က၊ တို့ယောဂီက တော်တယ်ဆိုပြီးတော့ ကျေနပ်တယ်။ လုံးဝ မကျေနပ်နဲ့။ ကိုယ့်ချမ်းသာတွေကို တူးဖြိုပြီးတော့ ကိုယ့်ဘဝဆင်းရဲကို နက်နက်ကြီး တူးရာရောက်ပါတယ်။ ကိုင်း .. ရှိစေဗျာ။



## ခုဇ္ဇုတ္တရာ မျက်မှောက်ဘဝ

အဲဒါ မယ်ခုဇ္ဇာရဲ့ အတိတ်သမိုင်းကြောင်းပေါ့။

အခု ပစ္စုပ္ပန်ကာလမှာ သူသည် ပန်းအဝယ်တော်ဖြစ်၊ သာမာဝတီမိဖုရားကြီးအတွက် တစ်နေ့ ရှစ်ကျပ်ဖိုး၊ ရှစ်ကျပ်ဖိုး ပေးတဲ့အခါမှာ လေးကျပ်ဖိုး လေးကျပ်ဖိုး ခေါင်းပုံဖြတ်ပြီးတော့ ပန်းဖိုးတွေခိုးခဲ့တယ်။ တစ်နေ့ သူ ဝယ်နေကျ လက်ကားပန်းသည် သုမနအိမ်မှာ ဘုရားအမှူးရှိတဲ့ သံဃာ ဆွမ်းကပ်ဖို့ဆိုပြီးတော့ ဝေယျာဝစ္စ၊ ချက်ကြ ပြုတ်ကြ၊ ဖုတ်ကြ ကင်ကြ၊ ထုကြ ထောင်းကြ၊ လှီးကြ ဖြတ်ကြ။ အဲဒီမှာ မယ်ခုဇ္ဇာ ပန်းဝယ်ဖို့သွားတော့ ဟိုက ပြောလိုက်တယ်။ "ဟော့ မယ်ခုဇ္ဇာ .. ဒီနေ့ တို့ ဘုရားအမှူးရှိတဲ့ သံဃာ ဆွမ်းကပ်မှာမို့ ပန်းမရောင်းအားသေးဘူး၊ တခြားဆိုင်မှာ သွားဝယ်ပ"

"ဟာ ကိစ္စ မရှိပါဘူး၊ ကျွန်မ ဖောက်သည် မပျက်ချက်ဘူး၊ စောင့်ဝယ်မှာပ"

## လေ့ခါးထစ်သဖွယ် အနုပုဗ္ဗိကထာ

အဲဒီလိုနဲ့ ဝေယျာဝစ္စပြုလုပ်ရင်းက စောင့်ပြီး တရားနာတယ်။ တရားကလည်း ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ အနုမောဒနာတရား ဟောတဲ့အခါ "အနုပုဗ္ဗိကထာ- လေ့ခါးထစ်သဖွယ် အဆင့်ဆင့် ကျင့်ဖွယ်ရာ တရားတွေ၊ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမနဲ့ အာဒီနဝကထာ၊ ဩကာသသံကိလေသကထာ၊ နေက္ခမ္မေအာနိသံသကထာ၊ စတုသစ္စကထာ။

www.burmeseclassic.com

www.burmeseclassic.com



ပထမ ‥ ဒါနတရား လှူတိုင်း ပြုနိုင်တဲ့ အခြေခံအုတ်မြစ်ကို ဟောတယ်။ ဒုတိယ ‥ အဲဒီ ဒါနကြောင့် ပစ္စည်းဥစ္စာ ပေါ်လာမယ်။ ပေါ်လာတဲ့အခါမှာ အနာရောဂါတွေ ရှိနေမယ်၊ ကိုယ့်ရှိတဲ့ပစ္စည်း ကိုယ်မသုံးဆောင်နိုင်လို့ ရှိရာမရောက် အသုံးမဝင် ဖြစ်တတ်တယ်။ ဒါကြောင့် ဒါနကြောင့် ရလာတဲ့ ဥစ္စာပစ္စည်းကို ကိုယ်တိုင်ကိုယ်ကျ ခံစားခွင့်ရှိအောင်ဆိုပြီးတော့ သီလကထာဆိုတဲ့ ကျန်းမာရေးကို ဟောပါတယ်။ သီလစောင့်ရင် ကျန်းမာမယ်ပေါ့။ သီလဆိုင်ရာတွေ ဟောတဲ့အခါ သီလအပြစ်နဲ့ အကျိုးပေါ့။ တစ်နည်း သီလပျက်စီးခြင်းအကျိုးနဲ့ သီလပြည့်စုံခြင်းအကျိုး။ ဒါကတော့ ပျက်စီးခြင်းပြောရင်လည်း ပြည့်စုံခြင်း ပြောင်းပြန်သိပါတယ်။ ပြည့်စုံခြင်းကို ပြောရင်လည်း ပျက်စီးခြင်းကို ပြောင်းပြန် မသိနိုင်ဘူးလား။

ဒါကြောင့်–

● ဖျတ်ခြင်းသီလ၊ ကြောင်းရင်းထကို၊
မှတ်ကြစေဗျာ၊ ထမ္ပည်းသာပိမ့်၊
ဥစ္စာ, စည်းစိမ်၊ ဆိတ်ငြိမ်ခဝင်း၊
ဆုတ်ယုတ်ခြင်းနှင့်၊ သတင်းမကောင်း၊
ကြိုင်နံ့လှောင်းဖော်၊ လူဝေါင်းအလယ်၊
မျက်နှာငယ်လျက်၊ ထစ်သွယ်ယိတ်ကြောက်၊
လွန်စိတ်နှောက်၍၊ ပွေနှောက်ဘိလျှင်း၊
သေရခြင်းတည်း။



● မယွင်းမှန်စွာ၊ သေပြီးခါလည်း၊
လေးဖြာအပါယ်၊ ထားအုံရွယ်သည်၊
ဩော် ... ငဲးသွယ်သီလ ဖျက်ကြောင်းပေထတား။

## သီလပျက်ခြင်းရဲ့အကျိုးငါးပါး

စီးပွားဥစ္စာ ဆုတ်ယုတ်ပျက်စီးတတ်တယ်။ ဟုတ်တာပေါ့။ သူတစ်ပါး အသက်သတ်၊ သူ့ဥစ္စာခိုးဝှက်၊ လိမ်ညာလှည့်ဖြားဆိုတော့ “သဒိသံ ပါကံ ဇနေတိ”လို့ ဗုဒ္ဓဘာသာနယ်တစ်ခွင် ဆိုရိုးပြုခဲ့ကြတဲ့ ပရိဘာသာ ထုံးတမ်းစဉ်လာအတိုင်း ‘ဘယ်သူမပြု မိမိမှု’၊ ‘ကိုယ်ပြုတဲ့ကံ ကိုယ်သာပြန်ခံရတာပဲ’။ ဒီတော့ ဘယ် စီးပွားဖြစ်တော့မှာတုံး။ စီးတဲ့ရေ ဆည်တဲ့ကန်သင်း။ အိတ်ပေါက်နဲ့ ဖားကောက်။ ခြင်းကြားနဲ့ ရေကိုသယ်သလို၊ စီးပွားအဖတ်မတင် ဖြစ်တတ်ပါတယ်။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမများက ဥပုသ်နေ့ သီလစောင့်ရင်း တို့တော့ ရောင်းရတာလေးတွေ၊ ငွေဝင်လေးတွေ နည်းသွားပြီလို့ တစ်ဘဝတာ တွက်ကောင်းတွက်လိမ့်မယ်။ ဘဝ သံသရာ ချီပြီးတော့ သီလစောင့်ခြင်းဖြင့် စီးပွားဖြစ်နိုင်တယ်ဆိုတာလေးကို အမြင်ရှင်းဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ လောကီစကားတွေ ပြောဖန်များတော့ တချို့က အခွံချည်းလို့ ထင်နေကြတယ်။ အမှန်တော့ ဒီလို မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဘာသာဝင်များ သိမှတ်စရာ

ဒီနေ့ ဗုဒ္ဓဘာသာဟာ ဘာတွေလဲလို့ ပြောရရင် "ကြက်တူရွေး ဗုဒ္ဓဘာသာ၊ ပုတ်သင်ညိုဗုဒ္ဓဘာသာ၊ ရေပေါ်ဆီ ဗုဒ္ဓဘာသာ၊ ကာရာအိုကေ ဗုဒ္ဓဘာသာ ဒါတွေပဲ များနေတယ်။ ကြက်တူရွေး ဆိုတာက တိရစ္ဆာန်ဖြစ်ပေမယ့် စကား သင်ထားရင် တတ်ပါတယ်။ ယနေ့ခေတ် တို့ဗုဒ္ဓဘာသာတွေလည်း စကားသင်ထားလို့ တတ်တယ်။ ကြက်တူရွေးအဆင့်လောက်ပဲ ဖြစ်တတ်ကြတယ်။ အားလုံးဖြစ်တယ်လို့ မဆိုလိုပါဘူး။ ဗုဒ္ဓဘာသာမို့သာ မိရိုးဖလာ ဆင်းသက်လာမှုအရ ပြောနေကြတာ၊ တကယ်တမ်းကျတော့ ကြက်တူရွေး စကားသင်ထားတဲ့ ဗုဒ္ဓဘာသာလောက် ရှိတတ်တယ်။ တချို့ကျတော့ သူများပြော ဟုတ်ပ ... ဟုတ်ပ။ ဟိုလူပြော ဟုတ်ပ ... ဟုတ်ပ...။ ခေါင်းညိတ်တာက ပုတ်သင်ညို ဗုဒ္ဓဘာသာ။ ဒါတွေဟာ ကျယ်ကျယ်ပြန့်ပြန့် အချိန်ယူ ပြောရရင် အများကြီးပဲ။

တို့ ဗုဒ္ဓဘာသာမှာ မရှိတဲ့ အခြားသော ဘာသာအယူဝါဒတွေ သိပ်လွှမ်းမိုးနေပါတယ်။ တန်ဆောင်တိုင်ကာလဆိုတာ အဖေသတ်



တဲ့ လူမိုက်ကြီး အဇာတသတ်၏ ၁၂၅၀-သော တရားရှုမှတ်နေတဲ့ ရဟန်း, ယောဂီ ပရိသတ်ကို မြင်ရပြီးတော့မှ သူ့စိတ်တွေဟာ တရား၏ ဆွဲခါတတ်ကြောင့် ငြိမ်းချမ်းသာယာကာ ဗုဒ္ဓဘာသာဝင် ဖြစ်လာ တာပါ။ တန်ဆောင်တိုင်လပြည့်ညဟာ ဗုဒ္ဓဘာသာနေ့လို့ ခေါ်ရင် လည်း မမှားပါဘူး။ ဘာကြောင့်လဲ "ရာဇာ ပဓာန်" လောကဟာ ကောင်းကောင်းဆိုးဆိုး မင်းပြဋ္ဌာန်းတယ်။ အဲဒီတော့ အဇာတသတ် မင်းက ဘာသာမဲ့အနေအားဖြင့် ၁၂၅၀-တရားရှုမှတ်တဲ့ ယောဂီ ပရိသတ်၊ ရဟန်းပရိသတ်ကို မြင်ပြီးတော့ သူသည် ဗုဒ္ဓဘာသာဝင် ဖြစ်လာတယ်။ သူဟာ ဗုဒ္ဓဘာသာဝင်ဖြစ်လာတော့ ရာဇဂြိုဟ်ငဲ့ မြို့တွင်းက လူဦးရေ (၉)ကုဋေရှိပါတယ်၊ မြို့လက်တက် ခရိုင် နယ်ပယ် စသည့်က လူဦးရေ (၉)ကုဋေရှိပါတယ်။ ပေါင်းလိုက်တော့ အဲဒီ (၁၈)ကုဋေအများစုဟာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်လာကြတယ်။ ဘယ် လောက် ဂုဏ်ယူစရာ ကောင်းလဲ။

အဲဒီတန်ဆောင်မုန်းလပြည့်နေ့မှာ ဆရာဇီဝက စီမံမှုအရ အဇာ တသတ်မင်း ဘုရားထံ သွားရာမှာလည်း အတည်ငြိမ်ဆုံး၊ အနူးညံ့ ဆုံး၊ အယဉ်ကျေးဆုံး အနေအထား။ ပတ်ဝန်းကျင်မြင်ကွင်း အနေ အားဖြင့် သွားတာပါ။ ဟိုကျတော့လည်း ဗုဒ္ဓဘာသာဖြစ်၊ သူ ဗုဒ္ဓ ဘာသာဖြစ်တော့လည်း ကျန်တဲ့ (၁၈)ကုဋေဟာ ဗုဒ္ဓဘာသာတွေ ဖြစ်ကုန်ကြတယ်။ ကုဋေချီပြီးတော့ ဗုဒ္ဓဘာသာ ဖြစ်တဲ့နေ့ပဲ။

အဲဒါ အခုခေတ်လူတွေ တောရော မြို့ပါ၊ ကိုးမန်းခင် တောင်း က ဆိုင်းဘုတ်ကို အရက်ဆိုင်ပို့တယ်၊ အရက်ဆိုင်က ဆိုင်းဘုတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဖို့တယ်။ ဘယ်လောက်ထိ ဘာသာရေးဘက်က အမြင်ရှိင်းသလဲ။ ပြီးတော့ တံခါးမရှိတဲ့ တချို့မမွာရုံတွေက ဘုရားဆင်းတုတော်တွေကို လူတွေ ခြေနဲ့နင်းတက်တဲ့ ခွေးကတက်မှာ သွားထားတယ်။ ဘယ်လောက် ဆိုးရွားနေသလဲ။ ပြီးတော့ ကျောင်းက အုန်းသီး ငှက်ပျောသီးကအစ အဲဒီနေ့ဆိုရင် ဈေးမကြီးသယောင်ယောင်။

ယခုနှစ် တန်ဆောင်မုန်းလပြည့်ညဟာ ဘုန်းကြီးတို့ ဖျာပုံမှာပါ။ လမ်းတံတားပေါ်မှာ သံတိုသံပြတ် သစ်တုံးတွေ ရှိနေလို့ ဘုန်းကြီးတို့ကိုယ်တိုင် ရွှေ့ပြီးတော့ ကားမောင်းခဲ့ရပါတယ်။ ခရမ်းမြို့မှာလည်း ဘုန်းကြီးတို့ ဟောဖူးတယ်။

မန္တလေးနေပြည်တော်မှာလည်း တန်ဆောင်မုန်းလပြည့်နေ့ည ဟောဖူးပါတယ်။ များသောအားဖြင့် တစ်နှစ်မှာ ခုနစ်လ၊ ရှစ်လလောက် နယ်ပေါင်းစုံ လှည့်နေရတော့ အတွေ့အကြုံ တော်တော်ရှိပါတယ်။ အဲဒီမှာကြည့်၊ ဒီတန်ဆောင်မုန်းလပြည့်ညမှာက ဒီအတိုင်းပဲ။ တချို့တချို့ အိမ်သာတွေတောင် ထမ်းပြီးတော့ လမ်းပေါ်ထားလို့၊ မလွတ်မကင်း ဘေးက ကွေ့ရှောင်ပြီးတော့ ကားမောင်းခဲ့ရတာတွေ ရှိပါတယ်။

တကယ့် ဗုဒ္ဓဘာသာ အနေအားဖြင့် တန်ဆောင်မုန်းလပြည့်ညဟာ အနှုးညံ့ဆုံး၊ အယဉ်ကျေးဆုံး၊ အပျော့ပျောင်းဆုံး၊ သိက္ခာအရှိဆုံး မဟုတ်လား။ တခြား အယူဝါဒတွေက ဗုဒ္ဓဘာသာ အပေါ်လက်ဝါးကြီးအုပ်ပြီးတော့ လွှမ်းမိုးသွားတာဝါ။



မြန်မာနိုင်ငံအနှံ့လိုပဲ အဲဒီ အယူဝါဒဆိုးကြီးတွေ ဘယ်ကနေပေါ်လာလည်း မသိဘူး။ အဲဒီနေ့မှာ ခိုးတယ်၊ ယူတယ်ဆိုရင် အပြစ်မရှိသယောင်ယောင်။ ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓဘာသာက ရက်ရာဇာနေ့မကောင်းမှုလုပ်ရင်လည်း အပြစ်ရှိတာပဲ။ ရက်ရာဇာက ဘာမှ မတတ်နိုင်ဘူး။ ပြဿဒါးနေ့ ကုသိုလ်လုပ်ရင်လည်း ကုသိုလ်မလျော့ပါဘူး။ တို့ အခုဒီမှာ မဟာစည်သာသနာ့ရိပ်သာကြီးဟာ (၄၈)နှစ်ကြာတယ်၊ အမြဲမပြတ် ယောဂီတွေ ဝင်ထွက် အားထုတ်နေကြတာ။ ပြဿဒါးလည်း ပါတာပဲ။ ရက်ရာဇာလည်းပါတာပဲ။ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အလှူတွေ မလှူကြဘူးလား။ အဲဒီတော့ ပြောရရင်လည်းပဲ အတော်ခွကြတယ်။ ဒီခေတ်က နော်ကဒတ်၊ ဗာဒင်ဆရာ၊ ဝါဇိတ်၊ ဘော်ဒိုး အဲဒီ ခြောက်မျိုးပေါ်လာတာ ဗုဒ္ဓဘာသာတွေ အကုန်လုံး ကမောက်ကမ၊ ကျွမ်းထိုးမှောက်ခုံတွေ ဖြစ်ကုန်တယ်။

အခုခေတ် တို့ဘုရားတွေဟာ ဘာဖြစ်တုံး။ ယကြာဈေးခံ အဆင့်လောက်ပဲ ရှိတော့တယ်။ ဗေဒင်ဆရာက ဘာနေ့သား၊ ဘာနေ့သမီး ဖြစ်လို့ ဘယ်အမည်ရှိတော်မူသော ဘုရားကို ဘယ်အခေါ် မျက်နှာက သွားပြီးတော့ မီးသက်စေ့ လှူလိုက်ပါဆိုပြီးတော့ ဘုရားနဲ့ ရိုက်စားလုပ်တယ်။

တို့ မြန်မာတွေက ကိုယ့်ရဲ့ဗုဒ္ဓဘာသာ ဇစ်မြစ်အရင်းကို မသိလေတော့ ဟိုလူပြော ဟုတ်ပ ‥ ဟုတ်ပ။ ဒီလူပြော ဟုတ်ပ ‥ ဟုတ်ပ။ အကုန်နားထောင်တာ။ ကိုင်း … ပြောပြမယ်။ ဗေဒင်ဆရာက ခုနက ဟောလိုက်တာ ဘာနေ့၊ ဘာဓာတ်၊ ဘာဂိုဏ်းရင့်

www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်စား သက်ရောက်က ဘာဖြစ်လို့။ အဲဒီတော့ ဘယ်အမည်ရှိတဲ့ဘုရား။ ဘယ်အရပ်က သွားပြီးတော့ နေ့လယ်ကြောင်တောင် ၁၂–နာရီခေါင်ခေါင်မှာ မီးသက်စေ့လှူလိုက်ပါလို့ ရိုက်စား။ မရွှေမြန်မာတွေက သူတို့ပြောတဲ့ အမည်ရှိတဲ့ ဘုရား၊ သူတို့ပြောတဲ့ အရပ်မျက်နှာက၊ ဆိုက်ကလုံးလေမုန်တိုင်း၊ တိုင်ဖုန်းလေမုန်တိုင်း၊ ဟာရိကိန်းလေမုန်တိုင်း တိုက်နေပါစေ။ ဖယောင်းတိုင် မီးကုန်အောင်ရှို့ပစ်တာ။ ဘုရား ဘာအကျိုးရှိလဲ။ ပူတာရယ်၊ ညော်စော်နံတာရယ်၊ ကျပ်နီးစွဲတာရယ်၊ ရင်ပြင်တော်မှာ ဖယောင်းစက်တွေ ပေကျန်ရစ်ခဲ့တာရယ်၊ ဒါပဲ၊ ထိုပုဂ္ဂိုလ်တွေအတွက်တော့ ဂြိုဟ်ပြေ၊ နံပြေ၊ အန္တရာယ်တွေ ကင်းလေသလား၊ မကင်းလေသလားတော့ မသိဘူး။ ဘုရားကို စနစ်တကျ မဟုတ်ပါဘဲနဲ့ နေ့ခင်းကြောင်တောင် ပူလောင်တဲ့အခါမျိုးကြီးမှာ သွားပြီး မီးကုန်အောင်ထွန်းတော့ ကြည့် .. ဖယောင်းစက်တွေ ပေကျံလို့ ဘဝဆက်တိုင်း 'လက်ပရိုစီ' မဖြစ်ရင်ကံကောင်းပဲ။

ဒီနည်းကို သိပ်ပြီးတော့ အရမ်းလုပ်နေကြတာ။ ဗေဒင်ကို အပြစ်မတင်ပါဘူး။ ထိုက်သလောက်လည်း ယုံကြည်ပေါ့။ ဒါပေမယ့် သိပ်ယုံကြည်လွန်းအားကြီးရင် တစ်ဖက်စွန်းရောက်သွားပြီလေ။ သူလှူတာက ကုသိုလ်ရမတဲ့လား။ ဂြိုဟ်ပြေ နံပြေ သို့မဟုတ် သူ့အကြံကိစ္စအောင်မြင်ချင်လို့၊ အကြံအစည် အောင်မြင်ချင်လို့၊ စာမေးပွဲအောင်ချင်လို့၊ ပရိုမိုးရှင်းပေါ့လေ။ ဒီမှာပဲ ဂိုတ်ဆုံးနေပြီ။ နိဗ္ဗာန် မပါတော့ဘူး။



ဒါ တို့လူတွေက လုပ်နေကြတယ်။ အများကြီးတွေ့ရတယ်။ မဂ်ပြော၊ ဖိုလ်ပြော အဝေးကြီး။ အောက်ခြေသိမ်း ဘာသာအုတ်မြစ်နိုင်မြဲမှုကိုက သိပ်အရေးကြီးပါတယ်။ အရှင်ဘုရားကလည်း ဝိပဿနာဗဟိုဌာနကြီးကို ဒီစကား ပြောရသလားဆိုတော့ ကိုယ့်ပေါင်ကို ကိုယ်လှန်ထောင်းရာလည်း ရောက်မှာ စိုးရတယ်။ ရိပ်သာ တရား အကြိမ်ကြိမ် ဝင်ပြီးတော့မှ ဂိုဏ်းဂဏ အလုပ်လုပ်တာတွေကို နားရွက်ဆွဲပြရမယ်ဆိုရင် အတော်ကို များနေတယ်။ အဲဒီတော့ သူတို့ ပြောတဲ့အချိန်၊ သူတို့အရပ်မျက်နှာ၊ သူတို့ပြောတဲ့ဘုရား၊ ဖယောင်းတိုင်ပုံလှူထားခဲ့။ ပြီးတော့ ညကျမှ အလင်းရောင်လိုတဲ့ ပုဂ္ဂိုလ်တွေက ထွန်းရင် ဒါ သဘာဝ သိပ်ကျတယ်။

နောက်တစ်ခု၊ ရေလှူတဲ့အခါမှာလဲပဲ။ ဘူးနဲ့ခွက်နဲ့၊ ပုလင်းနဲ့၊ ဇလုံနဲ့၊ ပန်းကန်နဲ့ လှူရင် သဘာဝမကျဘူးလား။ အခုတော့ ဘာကိုင်လာတဲ့လက်တွေမှန်း မသိဘူး။ အဲဒါတွေနဲ့ ဂြိုဟ်သက် မစေ့သေးလို့ အဓိပတိဘုရားရဲ့ ခေါင်းပေါ်ကို ခြေကျော်လက်ကျော် လုပ်နေကြတာဟာ၊ စဉ်းစား။ ဘာသာရေး ရုပ်ပျက်ပါတယ်။ ဒီအထိရုပ်ပျက်တာ။ လူသူချင်းတောင်မှ ကိုယ့်ထက် အသက်ကြီးပုဂ္ဂိုလ်၊ အဲဒီလို လုပ်လို့ တော်မလား။ ပြီးတော့ နိဗ္ဗာန်ရောက်ချင်လို့ လုပ်တာလား။ မဟုတ်ဘူး။ ဂြိုဟ်ပြေ နံပြေတဲ့။ ခုခေတ်က ဂြိုဟ်ပြေနံပြေမှာ ဆုံးနေတယ်။ နိဗ္ဗာန် ဝေလာဝေး။ လုံးဝ ကုသိုလ် မရဘူးလို့ ရဲရဲကြီး လက်မထောင်ပြီးတော့ ပြောတယ်။

ဘုန်းကြီးမို့သာ မှန်လို့ ခေါင်းညိတ်နေကြတာ။ ပြီးရင်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘုရားတွေ အကုန်လုံး ရေလောင်းဦးမှာပဲ။ ဒီကရေ ဆောင်းခါဖြစ်နေပြီ။ လောင်းလိုက်တာ ငြိုဟ်သက် မစေ့သေးလို့ အောက်က ဘုရား နှုတ်ခမ်းပြာပြီးတော့ ရေညှိတွေ စွဲကုန်ပြီ။

အဲဒါကြောင့် ရန်ကုန်ကို ဒီတရား ထည့်ဟောတာ။ ဒီယုန်မြင်လို့ ဒီခြုံထွင်တာ။ ဒီပြင်လူ ကိစ္စမရှိဘူး။ တရားအားထုတ်တဲ့လူတွေ လုပ်တာ သိပ်ဆိုးတယ်နော်။ ရိုးရိုးပဲ လျှူဒါန်း၊ နိဗ္ဗာန်ကို ရည်မှန်း ပြီးနေပြီ။ ခြေရာမှန်သမျှ ဆင်ခြေရာထဲ ဝင်သလို။

အလှူမှန်သမျှ နိဗ္ဗာန်ကို တောင့်တ

နိဗ္ဗာနံ ပတ္ထေန္တဿ ဒိန္နံ ဒါနံ နာမ နိဗ္ဗာနံ အပတွာ ပရိယော သာနံ န ဟောတိ။

**နိဗ္ဗာနံ ပတ္ထေန္တဿ** – နိဗ္ဗာန်ကို ရည်မှန်းတောင့်တ၍၊ **ဒိန္နံ ဒါနံ နာမ**– လှူအပ်သော အလှူဒါနမည်သည်၊ **ယာဝ**– အကြင်မျှ လောက်၊ **နိဗ္ဗာနံ**– နိဗ္ဗာန်သို့၊ **အပတွာ**– မရောက်သေး မရသေး **တာဝ**– ထိုနိဗ္ဗာန်မရောက်သေးသမျှ ကာလအတွင်းမှာ၊ **ပရိယော သာနံ နာမ**– အလှူအကျိုး ကုန်ခန်းခြင်းမည်သည်၊ **န ဟောတိ**– မဖြစ်ပါဘူး။

အဓိပ္ပာယ်က နိဗ္ဗာန်ကို ရည်မှန်းပြီးတော့ လှူဒါန်းလိုက်။ ကျန်တဲ့ လောကီအကျိုးတွေအားလုံး ပါဝင်ပြီးသား။ ဒါကို အမြင် ရှင်းကြဖို့ လိုပါတယ်။

အခုခေတ် လှူတာတွေက ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ။



တုသိုလ်ရတာ တော်တော်ကို နည်းမယ်။ ပစ္စည်းကုန်တာပဲ အဖတ်တင်မယ်။ ပြောလိုက်ကြတဲ့ဘုရားတွေ၊ ဖူးလိုက်ကြတဲ့ ဘုရားတွေကလည်း တွက်ကြည့်စမ်း။ ဘုရားရဲ့ အမည်တော်နာမ ဆယ်ခုလောက် စာရွက်ထဲ ရေးကြည့်စမ်း။ "ကိုးတောင်ပြည့်ဘုရား"။ ပိဋကတ်သုံးပုံမှာ ဘုရားကိုးတောင်သာ တည်ရမယ်လို့ ပါသလား။ မပါရင် စာလွန် ပေလွန် အယူဝါဒလွန်တွေ ဖြစ်ကုန်ပြီ။ 'ပေါ်တော်မူဘုရား'။ မယုံရင် တိုက်ရိုက်ပြောမယ်၊ မန္တလေးက ကျောက်ဆည်အတွင်းမှာ 'ပေါ်တော်မူဘုရား'ဆိုတာ ရှိတယ်။ အဲဒီသွားတဲ့လူတိုင်း သပြေပန်း မယူရဘူး။ ဥစ္စာစောင့်နတ်က မကြိုက်ဘူးတဲ့။ နတ်နဲ့ဘုရား ဘယ်သူက သာတုံး။ ဟိုမှာ နတ်က သာလို့ ဘုရားလေး သပြေပန်း မရရှာဘူး။ အဲဒီလို ထော်လော် ကန့်လန့်တွေ ဖြစ်လာတယ်။

ဒီစကား ဘယ်က ထွက်လာတာလဲဆိုရင် မယ်ခုဇ္ဇာ သုမနပန်းသည်ထံ ပန်းဝယ်အသွား၊ သုမနလက်ကား ပန်းကုန်သည်ကြီးက ဒီနေ့ ဘုရားအမှူးရှိ သံဃာဆွမ်းကပ်မှာမို့ ပန်းမရောင်းဘူး။ ဖောက်သည် မပျက်ချင်ဘူး၊ ကျွန်မ စောင့်ဝယ်မှာပေါ့။ ဘုရားအမှူးရှိ ဆွမ်းကပ်ပြီးတော့ ဒါနကထာ ပြောခဲ့ပြီ။ သီလကထာ ပစ္စည်းတွေ ဘယ်လောက် ပေါ်နေပေါ်နေ၊ ဒါနရဲ့ အကျိုးဆက်ကြောင့် ပစ္စည်းတွေ ဘယ်လောက်ပေါ်နေနေ၊ ကျန်းမာရေးမှ မပြည့်စုံရင် ရှိတဲ့ပစ္စည်းဟာ ကိုယ့်အတွက် အသုံးဝင်မလား။ အဲဒါကြောင့် ဘုရားက လောကကြီး ပြီးတော့ ကျန်းမာရေးဖြစ်တဲ့ သီလကို ဟောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## သီလလုံခြုံအောင်ထိန်း

သီလ မလုံခြုံရင် စီးပွားဉစ္စာဟာ ပျက်စီးဆုံးပါးတတ်ပါတယ်။ အခုခေတ်လူတွေဟာ ဗုဒ္ဓဘာသာ စစ်စစ်မှန်မှန် ဖြစ်ပြီးတော့ ဝါတွင်းလောက်ပဲ ဥပုသ်စောင့်ကြပါတယ်၊ ဝါလည်း ကျွတ်ရော သီလလည်း ပျက်ရော။ ဘာလဲ တစ်ချိန်က ကြားလိုက်ပါ့။ ၁၉၉၆–ခုနှစ်သည် မြန်မာ့ခရီးသွားနှစ် မဟုတ်လား။ တိုးရစ်ဆိုတဲ့ ကမ္ဘာ့ခရီးသည်တွေ မြန်မာပြည် ဘာကိစ္စလာတာလဲ။

သူတို့လာတာက ကျောင်း၊ ကန်၊ ဘုရား၊ စေတီများအတွက်လာမှာ။ အဲဒီစေတီများအတွက်လာတော့ ဘုရားတွေ အဝေးက မြင်နိုင်အောင် တည်ကြတယ်။ ဒါဘာလဲလို့ 'တိုးရစ်'တွေက မေးပါပြီ။ တို့ပရိသတ်တွေက 'ဂိုက်'တွေ ဘယ့်နှယ်ဖြေမလဲ။ ဘုရားတွေ လက်ညှိုးထိုးပြီး မေးပြီ။ ဒါဘာတုံး။ ဘယ့်နှယ်ဖြေမလဲ။ အိုင် ဒုန့်နိုးလား။ ဘုရားကို အင်္ဂလိပ်လို ဘယ်လို ခေါ်သလဲ၊ ပဂိုးဒါးပေါ့။



ဒါဘုရား၊ ကောင်းပြီ၊ ဘာကိစ္စ တည်လာတာလဲ၊ ပြောလေ (မပြောတတ်ပါဘူး ဘုရား)။ သွားပြီပေါ့။

ဗုဒ္ဓဘာသာနိုင်ငံမှာ 'လှည်းဝင်ရိုးသံ တညံ့ညံ့ ပုဂံဘုရားပေါင်း'၊ 'သဇင်ပန်းမြိုင် တလှိုင်လှိုင် ရှိုင်ဘုရားပေါင်း'။

ဘုရားပေါတဲ့နယ်မြေကို လာပြီးတော့ ဒါမှ မပြောတတ်ရင် ရေမရှိတဲ့ချောင်း နှာခေါင်းဖော်သေကြပေတော့။

ဘုရား ဘာပြုလို့ တည်တာလဲ။ ကိုးကွယ်ဖို့နော်။ ဘာပြုလို့ ကိုးကွယ်ရမှာလဲ။ တို့မြန်မာတွေလို ဘာလုပ်ရင် ဘာဖြစ်တယ်၊ ညာလုပ်ရင် ညာဖြစ်တယ်။ ဒီလို ယုံမှာ မဟုတ်ဘူး၊ ဖစ်မြစ်လိုက်တယ်။ တိုက ပုဂ္ဂိုလ်တွေက တို့မြန်မာတွေက ဘာဆောင် ဘာဖြစ်တယ်၊ ညာဆောင် ညာဖြစ်တယ်၊ ဆောင်လိုက်ကြတာ။ 'ဟမ်းဘက်'အိတ်ထဲမှာ အဲဒီအထဲမှာ အဆောင်တွေချည်း များနေတယ်။ ဒါ ဘယ်ပုဂ္ဂိုလ်က ပေးတာ။ ဒါတွေ ပြောရင် မကုန်နိုင်ဘူး။

အဲဒီတော့ ပြောရမှာက ဘာလဲ။ ကျွန်ုပ်တို့ တည်ထားတဲ့ ဆင်းတုရုပ်ပွား ဘုရားစေတီတို့ သက်ရှိထင်ရှားရှိစဉ် ပြောခဲ့တာက–

(၁) သဗ္ဗပါပဿ အကရဏံ = မကောင်းတာ မလုပ်နဲ့၊
(၂) ကုသလဿ ဥပသမ္ပဒါ = ကောင်းတာမှန်သမျှ ပြည့်စုံစေ၊
(၃) သစိတ္တ ပရိယောဒပနံ = စိတ်ကို စင်ကြယ်အောင်ထား

အဲဒီသုံးပါးကို သတိရဖို့ လက်တွေ့ကျင့်သုံးတာ။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ ရန်ကုန်မြို့တော်ကြီး မီးပွိုင့်တွေ မရှိဘူးလား။ အစိမ်းပွင့်ရင် သွား။ အဝါပွင့်ရင် သတိထား၊ စက်ရှိန်သတ်။ အနီပွင့်ရင် ရပ်။ သိဖို့လား။ လိုက်နာဖို့လား။ ဒီလိုကျတော့လည်း သိသားပဲ။ အနီပွင့်တုန်း သွားရင် တိုက်ခိုက်မယ့် အန္တရာယ် ဖြစ်မယ်။ နိုင်ငံ့ ဥပဒေ၊ ယာဉ်ဥပဒေ၊ ယာဉ်စည်းကမ်းအရ ဖမ်းဆီးခြင်း ခံရမယ်။ အဲဒါ သိဖို့လား၊ လိုက်နာဖို့လား၊ အကုသိုလ် မပြုနဲ့ဆိုတာ သီလ လုံအောင်ထိန်း ပြောတာ။ ကုသိုလ်ပြုဆိုတာ သမာဓိတည်အောင် လုပ်တာ၊ စိတ်ကြည်လင်အောင် ထားဆိုတာ ပညာဖြစ်အောင်လုပ်တာ။ ဒီသုံးပါးကို သတိရဖို့ လိုက်နာဖို့ လက်တွေ့အားထုတ်ဖို့။

အခုတော့ မဟုတ်ဘူး။ ရွှေရှိတဲ့ဘုရား။ တန်ခိုးကြီးတယ်ဆိုပြီးလာ ‥ တန်ခိုးကြီးဘုရားတွေ သွားရအောင်ဆိုပြီး လျှောက်လည်တဲ့ ဘုရားလည်တွေ။ စေတနာ ဆန္ဒ တကယ့်သဘောသွားက သိပ်နည်းနေတယ်။ မီးပွိုင့်လို သဘောထားပါ။ အနီသည် ရပ်ဖို့ဆိုတာ သိဖို့ မဟုတ်ပါဘူး။ လက်တွေ့ ရပ်နေရမှာပါ။ ဒါမှ အန္တရာယ် ကင်းပါတယ်။ အားလုံးလည်း အဆင်ပြေ ချောပါတယ်။

နိုင်ငံတော်အစိုးရက မူချထားတာ။ ကြည့်လေ။ ကမ္ဘာအရပ်ရပ်လည်း ဒီအတိုင်းပါပဲ။ အဲဒါကို တို့လူတွေက ရွှေရှိတဲ့ဘုရား၊ အဆောက်အအုံကောင်းတဲ့ဘုရား တန်ခိုးကြီးတယ်၊ တန်ခိုးကြီးတယ်ဆိုပြီး တန်ခိုးကြီးဘုရားတွေ လျှောက်လည်ဖူးနေကြတာ။ ကိုယ်သာ အိမ်က ဘုရားဆိုရင် အပြန် အိမ်ပေါ် အတက်မခံဘူးသာ အောက်မေ့။ အော်တိုမစ်တစ် ဖနောင့်နဲ့ ပေါက်ချလိုက်ပြီးတော့ အဆိုကျော် မရေခဲ

သီချင်းကို ဟစ်လိုက်မှာ ‘ဘုရားတော့ ရှားသလား ဆိုသည်’

အမျှားကြီးပဲ ပြောစရာတွေ။

(၁) သီလပျက်ရင် စီးပွားပျက်တယ်၊

(၂) ဥစ္စာစည်းစိမ် ဆိတ်ငြိမ်ခပင်း။ ဆုတ်ယုတ်ခြင်းနှင့် သတင်းမကောင်း၊ ကြိုင်နံ့လှောင်း၏။ (နာမည်ဆိုး ထွက်တယ်)

(၃) လူပုံအလယ် မျက်နှာငယ်လျက်၊ ကိုယ်က နိုးဆိုး တိုက်ခိုက် လုယက်လိမ်ညာနေတဲ့ ပုဂ္ဂိုလ်ဆိုတော့ ငါ့အကြောင်း သိတဲ့လူ ပါမှာလား၊ လူများလေလေ ကျိုးလန့်စာစား ဖြစ်လေလေ၊ မျက်နှာ တင့်ပါဦးမလား။

ဒါဖြင့်သီလပြည့်စုံရင်–

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၊ မိုးကုတ်၊ စွန်းလွန်း၊ ဝေဘူ၊ လယ်တီ စတဲ့ ဆရာတော်ကြီးများ၊ မမြင်ဘူးပေမယ့် သီလဂုဏ်သတင်းကြောင့် ကမ္ဘာက အစသိနေကြတာပဲ။ ဒါ ပြောင်းပြန် အနေအားဖြင့် ကြည့်ပေါ့။

နာမည်လေးက ‥ “သတင်းမကောင်း၊ ကြိုင်နံ့လှောင်း၏၊ လူပေါင်းအလယ်၊ မျက်နှာငယ်လျက်၊ တစ်သွယ်ထိတ်ကြောက်၊ လွန်စိတ်နောက်၍၊ ပွေနောက်ဘိလျင်း၊ သေရခြင်းတည်း။”

စုန္ဒ၊ နန္ဒ ဝက်ထိုးသမားများ၊ နွားသတ်သမားများဟာ သေခါနီး နွားလို၊ ဝက်လိုအော်ပြီးတော့ သေရတယ်ဆိုတာ တို့ ပရိသတ်နားကို လျှံနေတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သီလ မရှိတဲ့ပုဂ္ဂိုလ် သေတဲ့အခါကျတော့ အော်ဟစ်ညည်းညူ ရုပ်ပျက်ဆင်းပျက် သေရတယ်။

သေပြီးကလည်း၊ လေး၀အပါယ်၊ လားလားရှယ်သည်။

သေပြီးတဲ့အခါ ဘယ်ရောက်တုန်း။ အပါယ်လေးပါး။ ဘာ ကောင်းတာ ရှိသေးတုန်း။

ဒီလောက်ပြောထားတာကို နောက်က လူသားတွေက ဒီခေတ် သီလ ဂရုမစိုက်ကြဘူး။ ရောယိမ်းလိုက်၊ ဘသားယိမ်းလိုက် "**မှသား မပါ လက်မချော**" တဲ့ ပြီးရော ...။



## ခုနှစ်ရွာရာ သီလပျက်မှာ ကြောက်ပြီ

သဘောရှင်းပလား။ ဒီနေရာ လိုအပ်တဲ့ မယ်ခုဖွာ။ ခြောက် သီလပျက်ရင် ငရဲတောင် ကျတယ်၊ စီးပွားပျက်တယ်။

ငါ လေးကျပ် လေးကျပ် နိုးလိုက်တာ ဘာမှလည်း ငါဖြင့် မလာဘူး၊ ဟုတ်သားပါလား။ တော်ပြီ ... ဒီနေ့ကစ အပ်ချည် တစ်မျှင်၊ မီးခြစ်ဆံတစ်ချောင်း သူတစ်ပါး မပေးရင် ငါ မယူတော့ဘူး ရယ်လို့ စိတ်ကို ယတိပြတ် ဆုံးဖြတ်ပြီးတော့-

မြတ်စွာဘုရားက-

**ကာမာနံ အာဒီနဝကထာ-** ကာမဂုဏ်တို့ရဲ့ အပြစ်၊

**သြကာသ သံကိလေသကထာ-** ကိလေသာတို့ရဲ့ ပူလောင်ပုံ။

**နေက္ခမ္မေ အာနိသံသကထာ-** ကာမဂုဏ်မှ ထွက်မြောက်ခြင်း ရလဒ် အေးချမ်းသာယာမှုနဲ့

**စတုသစ္စကထာ**ဆိုပြီးတော့ သစ္စာလေးပါးကို ဟောပါတယ်။

အဲဒီ သစ္စာလေးပါးမှာ ဒုက္ခသစ္စာ၊ ဒု- စက်ဆုပ်ဖွယ်၊ ခ- အလကား၊ **သစ္စာ-** မှန်ကန်တာ။ **ပရိဇာနန္တ-** ပိုင်းခြားသိပါ။

www.burmeseclassic.com

www.burmeseclassic.com



စက်ဆုပ်ဖွယ် ဆင်းရဲတာ မှန်တဲ့တရားကို ဂယနကာ တိတိကျကျသိဖို့၊ စက်ဆုပ်ဖွယ်ဆိုတဲ့ ဒုက္ခဆင်းရဲတွေ ဘယ်ကလာတာလဲ၊ ဟောဒီ ရုပ် နာမ် ခန္ဓာကလာတာ။ အဲဒါကို **ပရိ**— ပိုင်းပိုင်းခြားခြား။ **ဇာနန္တ**— သိအောင်လုပ်ပါ။

ပြတ်ပြတ်သားသား အကန့်အသတ်၊ ကွဲကွဲပြားပြား ခြားခြားနားနား သိအောင်လုပ်ပါ ဆိုတော့ ဟောဒီခန္ဓာကိုယ်ရုပ် ထင်ရှားတော့ ရုပ်ရှု၊ နာမ်ထင်ရှားတော့ နာမ်ရှု၊ အဲဒီလို ရှုမှ တကယ့်ဒုက္ခသစ္စာကို မြင်မှာပေါ့။ ဒီလိုမှ မရှုရင် မြင်ပါ့မလား။

ဒါကြောင့် ဒုက္ခသစ္စာသိအောင်လုပ်။ ဒုက္ခဘယ်ကလာ– ခန္ဓာကလာ။ ဒုက္ခသိချင် ခန္ဓာကိုရှု။ ခန္ဓာရဲ့ တကယ့် ဖြစ်မှုပျက်မှု မြင်ပြီဆိုရင် ဒုက္ခက ထင်လာပြီပေါ့။

အပ်ဖျားပေါ် မုန်ညင်းစေ့ကလေး တင်လိုက်တော့ ကြာရှည်စွာ နေပါ့မလား။ အပ်ဖျားကလည်း ချွန်ချွန်မြမြ၊ တင်စရာကလပ် မပါဘူး။ မုန်ညင်းစေ့ကလည်း သေးသေးကွေးကွေး အလေးချိန် ဝိတ်မပါဘူး။ ကလပ်ပါရင် ဘယ်လောက်သေးတဲ့ဟာ ဖြစ်ဖြစ် တင်နိုင်တယ်။ အလေးချိန် ဝိတ်ပါရင် ပန်းကန်ပြားပေမယ့် ဝါးခြမ်းပြားနဲ့ထောက်ပြီး လှည့်လို့ရတယ်။ အဲဒါ ဝိတ်ကြောင့် – ရုပ်နာမ်တို့ရဲ့ သဘာဝက ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့နည်းနဲ့ ပြောရင် ဖောင်းတာလေးမှတ်။ ရုပ်ကလေးရဲ့ ဖောင်းတာလေးမှတ်တော့ ပျောက်မသွားဘူးလား။ ပိန်တာလည်း ဒီအတိုင်းပဲ။ ဒီပြင် ရုပ်နာမ်တွေလည်း အရှုခံမှာ ဒီအတိုင်းပဲ။



အဲဒီ နေရတော့ အပ်ဖျားပေါ် မုန်ညင်းစေ့တင်သလို အကောင်အထည် ဒြပ်သဏ္ဍာန် ပညတ် ဘာမှ ရှာမရပါလား။ တစ်နည်း– ပေါ်ပြီးတော့ ပျောက်၊ ဖြစ်ပြီးတော့ ပျက်၊ ပေါ်တာက မွေးဖွားတာ၊ ပျောက်တာက သေတာ။ အဲဒီတော့ မွေးနေ့ဆိုတာကို တစ်စက္ကန့်အတွင်းမှာ တစ်မိနစ်အတွင်းမှာ အကြိမ်များစွာ တွေ့လေတော့ ဒီယောဂီဟာ ဘဝခန္ဓာ နှစ်သက်ပါဦးမလား။

ဆိုကြစို့၊ ရန်ကုန်မြို့တော်ကြီးမှာ အိမ်တစ်အိမ်ရှိတယ်။ အဲဒီအိမ်ပေါ်တက်နေတဲ့ လူတိုင်း သေရမယ်။ ရောင်းမစားရဘူး၊ အလကားပေးမယ်၊ ယူမလား။ ဘာကြောက်လို့၊ သေမှာကြောက်လို့၊

ဒီအတိုင်းပဲ ခန္ဓာ တစ်ခါတည်း ကြွတာ၊ လှမ်းတာ၊ ချတာ၊ ဒါမှမဟုတ် ကွေးတာ ဆန့်တာ၊ စားတာ၊ သောက်တာ၊ ဝါးတာ မျိုတာ၊ ဆံပင်တွန့်၊ ခေါင်းဖြီး၊ မျက်နှာသစ်၊ အဝတ်အစားလဲ၊ အပူအပင်၊ အနာ၊ အထုံအကျင်၊ အကိုက်အခဲ၊ အယား၊ အလေး၊ အတင်း အကြမ်း၊ ဖိနပ်ဝတ်၊ ဖိနပ်ချွတ်၊ လှေကားဆင်း၊ လှေကားတက်၊ အိပ်ရာဝင်၊ အိပ်ရာထ။

ဖြစ်တိုင်း ရုပ်နာမ်ကို ရှုမှတ်ရင်း အဲဒီ ရုပ်နာမ်တို့ရဲ့ ပေါ်မှု မွေးဖွားတာ။ ပျောက်မှု သေဆုံးတာ။ ဒါကို စက္ကန့်ပိုင်း အကြိမ်များစွာတွေ့ရတဲ့ ပုဂ္ဂိုလ်ဟာ ဘဝရဲ့ ရုပ်နာမ်ခန္ဓာကို နှစ်သက်ပါဦးမလား။ တက်နေရင် သေရမယ့်အိမ် အလကားယူမလား။

အဲဒါမှ "**ဒုက္ခသစ္စာ ပရိဇာနန္တော**" ဒု– စက်ဆုပ်ဖွယ်၊ ခ– အလကား၊ **သစ္စာ**– မှန်ကန်တာ၊ **ပရိ**– ပိုင်းပိုင်းခြားခြား၊ **ဇာနန္တ**–

www.burmeseclassic.com

www.burmeseclassic.com



သိအောင် လုပ်ပါဆိုတာ လက်ရှိထင်ရှား ရုပ်နာမ်များကို ရှုရပါမယ်။

**ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မုချ သိမြင်သည်။**

ဖြစ်ခိုက်ကိုရှုမှ ရုပ်–နာမ် အဘောမှန် သိပါတယ်။ သဘာဝဆိုတာ–

**"သဿ အတ္တနော ဘာဝေါ သဘာဝေါ။"**

**သဿ အတ္တနော–** မိမိဖြစ်သော ရုပ်နာမ်၏၊ **ဘာဝေါ–** အဖြစ်တည်း၊ **သဘာဝေါ–** မိမိဆိုတဲ့ ရုပ်နာမ်၏ အဖြစ်မှန်။

အဲဒီ ရုပ်နာမ်၏ အဖြစ်မှန်ကိုသိအောင် ဘယ်ခါရှုရမလဲ။ ဖြစ်ခိုက်ကိုရှု၊ ဖြစ်ခိုက်ဆိုတာ ဆံပင်တွန့်၊ ခေါင်းဖြီးခိုက်၊ ရေချိုး မျက်နှာသစ်ခိုက်၊ ဖောင်းခိုက် ပိန်ခိုက်၊ ကြွခိုက် လှမ်းခိုက်၊ စားခိုက် သောက်ခိုက်၊ ဝါးခိုက် မျိုခိုက်၊ လုံချည်အင်္ကျီ ဝတ်ခိုက်၊ ဖိနပ်ဝတ်၊ ဖိနပ်ချွတ် လှေကားဆင်း လှေကားတက်၊ အိပ်ရာဝင်၊ အိပ်ရာထ။

အဲဒီလို ဖြစ်ခိုက် ဖြစ်ခိုက်ကို ရှုမှ တကယ့် ဒုက္ခသစ္စာကို ပိုင်းခြားသိမှာ မဟုတ်လား ။

**ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မုချ သိမြင်သည်။**

ဖြစ်ခိုက်ကိုရှုမှ ရုပ်နာမ်တို့ရဲ့ သဘာဝကို သိမယ်နော်။

**သဘောသိမှ၊ ဥဒယ၊ ဝယ မြင်နိုင်သည်။**

ရုပ်နာမ်တို့ရဲ့ အခြေခံသဘောကို နိုင်နိုင်လုံလုံ သိပြီးမှ **ဥဒယ–** ဆိုတာ အဖြစ်၊ **ဝယ–** ဆိုတာ အပျက်။ ဒါဖြင့်ရင် ရုပ်နာမ်ဆိုတဲ့



အခြေခံ အကြောင်းတရားကို ပိုင်နိုင်စွာသိမှ အဖြစ် အပျက်ဆိုတာ သိလာနိုင်မှာ မဟုတ်လား။

အဲဒါ အခုခေတ်က သင်ပုန်းကြီး မတတ်သေးဘဲနဲ့ ပဋ္ဌာန်းပါဠိတော် တက်တက်ဖတ်နေကြတယ်။ အလီမနိုင်ဘဲနဲ့ ဂဏန်းတွက်လို့ ရမလား။

ရုပ်နာမ်ဆိုတဲ့ အကြောင်းတရားမှမသိရင် အကျိုးတရား သိလာနိုင်ပါ့မလား။ အဆင့်ကျော်တာလေးတွေ သတိထားကြဖို့။

**ဖြစ်ပျက်မြင်မှ၊ နိဗ္ဗာန်ထ၊ မုချရနိုင်သည်။**

ဖြစ်ပျက်မြင်မှ နိဗ္ဗာန်ရမယ်။

**ဖြစ်ပျက်မြင်ရန်၊ ရုပ်နှင့်နာမ်၊ တေန့်ဖြစ်ဆဲ ရှုရမည်။**

ဖြစ်ပျက်မြင်ဖို့ရန် ရုပ်နှင့်နာမ်ကို ရှုရမယ်။

ရုပ်နာမ်ကို ဘယ်အခါ ရှုရမလဲ။ ဖြစ်ခိုက် ဖြစ်ခိုက်ကိုသာ ရှုမှတ်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ခုဇ္ဇုတ္တရာ သောတာပန်တည်

အဲဒီလို မြတ်စွာဘုရားက သစ္စာလေးပါး ဟောတဲ့အခါမှာ မယ်ခုဇ္ဇုတ္တရာသည် နာရင်း နာရင်းနဲ့ –

**"ဒေသနာနုသာရေန ဉာဏံ ပေသေတွာ။"**

**ဒေသနာနုသာရေန–** ဒေသနာ အစဉ်လျှောက်သဖြင့်။ **ဉာဏံ–** ဉာဏ်ကို၊ **ပေသေတွာ–** စေ၍။ စာသုံး အရပ်သုံး ပြောမယ် ဆိုရင် ဘုရားဟောတဲ့တရားထဲမှာ သူ့ရဲ့ဉာဏ် သို့မဟုတ် စိတ်။ အဲဒီ ကပ်ပါအောင် သူလုပ်တယ်ဆိုတာ လက်တွေ့ရှုမှတ်ပွားများ အားထုတ်တာ။

**ဒေသနာ နုသာရေန ဉာဏံ ပေသေတွာ။**

ဒေသနာကို အစဉ်လျှောက်ပြီးတော့ ဉာဏ်ကို စေလွှတ်တယ် ဆိုတာ အဲဒီဟောတဲ့တရားကို လက်တွေ့အားထုတ်တာ။



ကျွန်တော့လျက်ဆား ဘယ်လောက်ကောင်းပါသလဲ လျက် ကြည့်စမ်း လျက်ကြည့်စမ်း။ အဲ ... ဟုတ်တယ်။ နားရှင်းပလား။ သဘောပေါက်ပလား။

အဲဒီ နည်းအတိုင်းဆိုပြီးတော့ မယ်ခုဇ္ဇုတ္တရာသည် သူ့ရဲ့ခန္ဓာ ဉာဏ် စိုက်ပြီးတော့ ပေါ်ခိုက်ကိုသာ ရှုမှတ်လိုက်တာ–

**"ဒေသနာဝသာနေ သောတာပတ္တိဖလေ ပတိဋ္ဌဟိ။"**

မြတ်စွာဘုရားဟောတဲ့ တရားလည်းဆုံးရော သောတာပန် တည်သွားတယ်။

ဝိပဿနာဉာဏ်စဉ်တွေ တစ်ခါးတည်း တိုးတက်ပြီးတော့ သောတာပန်ဖြစ်သွားတယ်။ အဲဒီနေရာမှာ အရိုင်းပုထုဇဉ်ဘဝက ေ အားထုတ်တဲ့ပုဂ္ဂိုလ်ဟာ နာမရူပပရိစ္ဆေဒဉာဏ်က စရပါတယ်။ နောက် ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ် ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါ်တြဘူ ဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ ဉာဏ်စဉ် (၁၆ ပါး။

အရိုင်းပုထုဇဉ်ဘဝက စရင် အောက်ထစ်ဆုံး နာမ်ရုပ်ကွဲပြား အောင် နာမရူပပရိစ္ဆေဒဉာဏ်က စရပါတယ်။ အခုခေတ် သင်တဲ့အင် "ကျောင်းစနေစ မူကြိုကျောင်းကစ၊ ဝ, ထ, က, လ, သ အဲဒီလို ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ သိလာတာ။

www.burmeseclassic.com

www.burmeseclassic.com



**"ယထာ ပကတာ ဝိပဿနာ ဝိ နိုဝေသော ဟောတိ"** ဆိုတဲ့ ဝိပဿနာ သီအိုရီအရ ရုပ်တရားထင်ရှားရင် ရုပ်တရားရှု၊ နာမ်တရား ထင်ရှားရင် နာမ်တရားရှုရမယ်၊ နာမ်တရားက အာသိကိုလို့ ကျေးဇူး ရှင်မဟာစည်ဆရာတော်ဘုရားကြီးက ဖောင်းတယ်၊ ပိန်တယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ ရုပ်တရားကို ရှုခိုင်းပါတယ်။

ဒေသနာနဲ့ စာပေနဲ့ကြည့်ရင် အင်မတန် အံဝင်ခွင်ကျ ဖြစ်ပါတယ်။

အဲဒါ အချို့ အချို့ နားမလည်ကြလို့ "ဖောင်း–ပိန်" ဆိုတာ စာထဲမပါပါဘူး။ ဘုရားဟော မဟုတ်ပါဘူးတဲ့၊ ဟုတ်တယ်။ ဖောင်းပိန်ကိုတော့ ဘုရားမဟောဘူး။ ဒါပေမယ့် ဖြစ်ပျက်ကို ဟောသလား ဆိုတော့ မဟောဘူး။ ဝင်လေ ထွက်လေရော ဘုရားဟောသလား။ မဟောဘူး။ ဘုရားက ပါဠိလိုဟောတာ။ ဘုန်းကြီးပြောတဲ့စကားက ဖောင်းပိန်တို့ ဖြစ်ပျက်တို့ ဝင်လေ ထွက်လေတို့ဆိုတာ မြန်မာစကားလုံးတွေပဲ၊ ဒါကို တို့ပရိသတ်ကလည်း ဖောင်းပိန်ဆိုတာ ဘုရားမဟောပါဘူး။ ဟုတ်သလိုလို၊ ပုတ်သင်ညို ဗုဒ္ဓဘာသာ။ ကိုယ့်ဘက်က နိုင်နိုင်မာမာရှိရမယ်။ ကိုယ်လုပ်တဲ့အလုပ်ဟာ ထွက်ဟဲ့ ထွက်ဟဲ့ ဆိုလို့သာ ထွက်ရတယ်။ ငါဘာကောင်မှန်း မသိဘူး။ "ပိုးသာကုန် မောင်ပုံ စောင်းမတတ်" မဖြစ်စေရဘူး။ ကိုယ့်ဘက်က ကိုယ့်ဝါဒကို တိတိကျကျ နိုင်နိုင်မာမာ ရှိမှ၊ အဲဒီတော့ ဖောင်းပိန် ဘုရားမဟောဘူး ဆိုတော့ ဖြစ်ပျက်ကော ဘုရားဟောလား။ သူက မြန်မာစကားလုံး ချည်းပဲ။



ဘုရားက **"အဿာသ, ပဿာသ, အာနာပါန, ဥဒယဗ္ဗယ"** ပါဠိလို ဟောတာ။ အဲဒီပါဠိကို သူ့ခေတ်နဲ့သူ့အခါ ဆိုပြီးတော့ မြန်မာစကားလုံး ပြန်ကြတာ။

**"နေပဒ နိရုတ္တိံ နာတိဓာဝေယျ"**

**နေပဒ နိရုတ္တိံ**– နေပုဒ်မြို့ရွာ နယ်ပယ်၏ အခေါ်အဝေါ် အပြောအဆို ဝေါဟာရကို၊ **နာတိဓာဝေယျ**– မလွန်မြောက်ပါစေနဲ့ ဆိုတာ လက်မလွတ်နဲ့တဲ့။

ဒီအရပ် ဒီဖိနပ်နဲ့၊ ဒီလမ်း ဒီပန်းနဲ့၊ ဒီအချိန် ဒီထဘီနဲ့၊ ဒီခရီး ဒီထီးနဲ့ လောကအပြော ပုံသေထားလို့ မရဘူး။

ဘုန်းကြီးတို့ မဟာစည်နယ်လှည့် ဓမ္မကထိက ဖြစ်စက မြိတ်မြို့ ဓမ္မကထိကအဖွဲ့နဲ့ သုံးပါး သွားကြတယ်။ နောက်က ကပ္ပိယက တစ်ယောက်တည်းဆိုတော့ သုံးပါးလုံးသက်နုတွေ မနိုင်တော့ လေယာဉ်ပျံလည်း ဆိုက်ရော ဒကာမတွေက ထွက်ပြေးလာပြီးတော့–

"အရှင်ဘုရား၊ အရှင်ဘုရား ....၊ သိက္ခာချ သိက္ခာချ တပည့်တော်မ ယူမယ်တဲ့"

တို့ရဲ့ မြန်မာသုံး တစ်နည်းပေါ့လေ၊ တို့မြေလတ်သုံး သုံးလိုက်မယ်ဆိုရင် သိက္ခာချဆိုတာ လူထွက်။ သူတို့ဆီကျတော့ အဲဒါမျိုး မဟုတ်ဘူး။ အဲဒီထဲမှာ ဒကာကြီးဦးပုက အပြေးအလွှားလာပြီး အရှင်ဘုရားတို့ရဲ့ ပစ္စည်းကို ချလိုက်ပါ။ သူတို့ယူမယ်တဲ့။ တပည့်တော်တို့ ဆီက ပစ္စည်းကို သိက္ခာခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကော်သေးတာပေါ့။ တို့ရဲ့ မြန်မာတွေနဲ့ သွားတွေးလိုက်မယ် ဆိုရင် ဖြူးဆရာတော် အခုချိန် မည်းတုံးတုံးလေး မြင်ရမှာ မဟုတ်တော့ဘူး။ ကြည့် သူ့နေရာနဲ့သူ အသုံးသုံးမှ။ သူတို့ဆီ "ပိုက်ဆံ" ကို "ကြေးပြား"တဲ့။ "ပစ္စည်း"ကို "သိက္ခာ"တဲ့။ ကိုယ်တော်တို့ ကိုယ်တော်တို့ . . သိက္ခာချ တပည့်တော်မတို့ ယူမယ်ဆိုတော့ စဉ်းစားကြည့်ပေါ့။ အဲဒီတော့ သူ့နယ်ပယ် သူ့အသုံး သုံးရမယ်။

ဒါကြောင့် ဒကာ ဒကာမတို့ တရားအားထုတ်တယ်ဆိုတာ ပိဋကတ်သုံးပုံဆောင်၊ ဘုရားဒကာ ကျောင်းဒကာ အသိဉာဏ်ရင့်တဲ့ ပုဂ္ဂိုလ်မှ တရားအားထုတ်ရတာ မဟုတ်ဘူး။ ခုနက ပြောခဲ့ပြီ။ လေးနှစ်နဲ့ တစ်ဆယ့်ငါးရက်တောင် ရဟန္တာ ဖြစ်တယ်။

အဲဒီတော့ ပျမ်းမျှခြင်း အထက်အောက် အားလုံးနားလည်နိုင်တဲ့ ဝေါဟာရဟာ အရေးကြီးဆုံးပဲ။ ဒါကြောင့် ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးက အားလုံး တရုတ်၊ ကုလား၊ ပုဏ္ဏားကအစ နားလည်နိုင်တဲ့ "ဖောင်းပိန်" ဆိုတဲ့ ဝေါဟာရနဲ့ပြောတာ။ ကိုယ့်ဘက်ကတော့ ကျကျနန နိုင်နိုင်မာမာ ရှိရမယ်။

ဒါကြောင့် ဘုန်းကြီးတို့က ဘယ်မြို့ဟောဟော၊ လမ်းဘေးဟောလည်း အနည်းဆုံး ငါးမိနစ်တော့ တရားအားထုတ်နိုင်းတယ်။

နိုင်ငံတော်က "မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည်" ဆိုတာလို ဘုန်းကြီးတို့ကတော့ "ဗုဒ္ဓရဲ့သတိပဋ္ဌာန်တရား ကမ္ဘာ လွှမ်းစေရမည်" ဆိုပြီးတော့ ဘုရားပွဲ ကျောင်းပွဲ၊ ဘုန်းကြီးပျံပွဲ၊ မသာပွဲ၊ ဘယ်ပွဲဟောဟော အမှတ်နိုင်းတယ်။ အကြောင်းဖာတ်လမ်း



နဲ့ တိုက်ဆိုင်လာရင် ကိုယ့်ဘက်က ခိုင်မာအောင် ရှင်းတမ်းလေးတွေ ပေးပါတယ်။

သူများပြောရင် ရောယောင်နောက်လိုက် အမြှောက်ကြိုက် ကလေးရယ်၊ ဒီခေတ်က ဖြစ်ပျက်ပုံတွေ ပြောရရင်တော့ ဟိုရိပ်သာ ကြည့်တော့လည်း ဒီမျက်နှာ။ ဒီရိပ်သာကြည့်တော့လည်း ဒီမျက်နှာ။ ဘုန်းကြီး တွေ့ဖူးတာနော်။

"အတ္တာနာ ဝါ အတ္တနံ ဖုာကရေယျ"

ကိုယ့်ကိုယ်ကို သောတာပန်ပဲ။ သကဒါဂါမ်ပဲ။ အနာဂါမ်ပဲ။ ရဟန္တာပဲလို့ ဆုံးဖြတ်နိုင်သည့်တိုင်အောင် အားထုတ်ရမှာ။ အခုတော့ တို့ဗုဒ္ဓဘာသာက "ဘရိတ်" မရှိတော့ဘူး။ လုပ်ချင်ရာလုပ်တယ်။ ပြောချင်ရာပြောတယ်။ မြန်မာတစ်နိုင်ငံလုံး နားထောင်ကြည့်။ အချို့ အချို့ နေရာဒေသတွေမှာ တရားနာလို့ တစ်ခါစစ် တစ်မဂ်ရ၊ နှစ်ခါစစ်တော့ နှစ်မဂ်ရ၊ သုံးခါစစ်တော့ သုံးမဂ်ရ၊ လေးခါစစ်တော့ လေးမဂ်ရ၊ ငါးခါစစ်တော့ ငါးမဂ်၊ မိုကြိုးပစ်လိမ့်မယ်။ ငါးမဂ်လို့မှ မရှိဘဲ။ ရှိတာ လေးမဂ်ပဲရှိတယ်။

အဲဒါ သောတာပန်ကို ကုန်ထုတ်ပစ္စည်းလို အာမခံပေးနေတယ်ဆိုတာလည်း လုံးဝ သာသနာတော်နဲ့ မအပ်စပ်ပါဘူး။ ဘယ်ပုဂ္ဂိုလ်တွေ အများဆုံးလဲဆိုရင် ဝါဒအနေနဲ့ စဉ်းစားကြည့်။ အဲဒီနောက် ဘယ်လောက် ရောင့်တက်လာတုံးဆို နှစ်ပေါင်း နှစ်ထောင် ကျော် တိမ်မြုပ်နေတဲ့ ရောင်ခြည်တော်တွေ လွှတ်နေသလိုလို၊ ပေမှ ကွန့်မြူးရတဲ့ ဓာတ်တော်ကိုပဲ အသက်ရှင်စဉ် ကွန့်မြူးသလိုလို ဆို

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဝါဒတွေ အများကြီးဖြစ်လာတယ်။ နောက်ကျတော့ အဲဒီ မြေယိုရုံနဲ့ အရိယာဖြစ်နိုင်တယ်၊ မြန်မာပြည်မှာ သံဃာတော် သုံးသိန်း ရှိတယ်။ အဲဒီ ပုဂ္ဂိုလ်သာလျှင် အရိယာဖြစ်ဖို့ အာမခံပေးနိုင်တယ်။ သည့်ပြင် ဘယ်ပုဂ္ဂိုလ်ပေးနိုင်သလဲ ဆိုပြီး ချဲလင်း လုပ်ကြတာတောင် ကြားခဲ့ရတယ်။

အဲဒီတော့ –

**မရှုမကြား၊ အငြိမ်းထား၊ လုပ်သမျှ ဒုက္ခ။**

အဲဒါတွေကို အဓမ္မဝါဒအနေအားဖြင့် ပြတယ်၊ ရာဟုလာလေး ခုနစ်နှစ်သားက သာသနာဝင်လာတာ။ အသက်နှစ်ဆယ်ရှိမှ ရဟန္တာ ဖြစ်တယ်။ ကိုယ်ကိုယ်တိုင် အားထုတ်ရတာ။ သူများက ပေးလို့ ရရဲ့လား။ အချို့ အချို့ဌာနတွေလည်း ရှိတယ်။ ဌာနကို တစ်ဆယ့် ငါးရက် ဝင်ရင်ပြီးပြီ။ ဒါ ပထမအဆင့်။ ဒုတိယ တစ်ဆယ့်ငါး ရက်ဝင်ရင် ဒုတိယအဆင့်။ စာလို ပေလို ပြောရရင် ပထမအဆင့် ဆိုတာ သောတာပန် ဖြစ်ပြီပေါ့။ ဒုတိယအဆင့်က သကဒါဂါမ် စသည်ဖြင့် ဒီလိုအနေအားဖြင့် လုပ်နေကြတာလည်းပဲ ကြားဖူးနားဝ ရှိတယ်။ မှားတယ် မှန်တယ် မပြောလိုဘူး။ ကြိုက်ရင်ယူ၊ ဝါဒက တော့–

အခုကြည့်၊ မယ်ခုဇ္ဇာ။ ဘုရားနဲ့ သူမတွေ့ရသေးဘူး၊ ဘုရားရဲ့ တရားနာရုံရှိသေးတယ်။ အဲဒီ ဒေသနာတော်ကို သူ့ဉာဏ်နဲ့ထပ်မိ အောင် လက်တွေ့အားထုတ်ရှုပွားလို့ တရားလည်းဆုံးရော သောတာ ပန် ဖြစ်တယ်။



ဘုရားက ခုဇ္ဇုတ္တရာ၊ မယ်ခုဇ္ဇာ နင် သောတာပန်ဖြစ်ပြီလို့ ကြေညာချက် မပေးပါဘူး။ ထမင်းစားသူနဲ့ ကြည့်သူ ဘယ်သူက ဝတယ်လို့ သိမလဲ။ ကြည့်တဲ့လူကတော့ ခန့်မှန်းခြေအရ ဒါ ဝလောက်ပြီလို့ ခန့်မှန်းတာ။ ဟိုလူက အစားပုတ်နေရင် ဘယ်ဝဦး မလဲ။ အဲဒီတော့ အားထုတ်သူက သိမှာလား၊ ဘေးလူက သိရမှာ လား။ ဒီခေတ်က အရိယာကို အာမခံပေးပေးပြီး လုပ်နေကြတာတွေ လည်း ကြားဖူးနားဝ ရှိတယ်။ မှန်တယ် မမှန်တယ် မပြောပါဘူး။

**သုပ္ပဗုဒ္ဓကုဋ္ဌိ** ဘုရားတရား နာတယ်။ အစွန်အဖျားက သူက အနူရောဂါရှိတယ်။ ဒီတော့ သူလည်း ဒေသနာပေါ်ကို ဉာဏ်စဉ် အလျောက် အဲဒီတရားတော်အတိုင်း ဒုက္ခသစ္စာ သိမြင်အောင်လုပ်၊ ဒုက္ခသစ္စာ တကယ်ဆင်းရဲတာ သိတော့ လိုချင်ပါဦးမလား။ အဲဒါ သမုဒယသစ္စာပယ်တာပဲ။ အဲဒီ မလိုချင်လို့ သမုဒယ ပယ်လိုက်တယ် ဆိုရင် ဒုက္ခငြိမ်းတာ နိရောဓ။ အဲဒီ ဒုက္ခငြိမ်းအောင် ပွားများတာက မဂ္ဂ။

မဂ္ဂ ဆိုတာ ပါဠိလို။ မြန်မာလို အပေါင်းဆိုတဲ့ အနက်လည်း ဟောတယ်။ လမ်းဆိုတဲ့ အနက်လည်း ဟောတယ်၊ ဒါတွေ ဝိဂြိုဟ် တွေ ကျဉ်းပြီးတော့ သဒ္ဒါနည်းအရ ပြောရရင် အင်မတန် ရှည်လျား သွားမယ်။

မဂ္ဂင်ဆိုတာ သုံးမျိုးရှိတယ်။

သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်။

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂင်ဆိုတာ အစိတ် အစိတ်ကိုပြောတာ၊ မဂ္ဂကျတော့ အပေါင်းကိုပြောတာ။ လူတို့ နားလည်အောင် မြန်မာစကားနဲ့ပြောတာ။ အစိတ်အစိတ်ဆိုတော့ မော်တော်ကားပဲ ကြည့်ပေါ့။ ဘီးက တခြား၊ ဘောဒီက တခြား၊ စတီယာရင်က တခြားဆိုရင် ဒီကားသွားဖြစ်လား။ အဲဒါတွေ အားလုံးပေါင်းလိုက်မှ သွားဖြစ်တယ်။

ကိုင်း . . ကျေးလက်တောင်သူများ ပါမယ်ဆိုရင် ဝင်ရိုး တခြား၊ ဘီးတခြား၊ ထမ်းပိုးတုံး တခြား၊ လှည်းအိမ်တခြား ဆိုရင် သွားလို့ဖြစ်လား။ အဲဒါတွေ ပေါင်းလိုက်မှ သွားဖြစ်တယ်။

သီလချည်း ရှိရုံမျှနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရမလား။ မဂ္ဂင် အစိတ်ပဲ ရှိသေးတယ်။ သမာဓိချည်းရှိရုံနဲ့ နိဗ္ဗာန်ရမလား။ နာမည်က မဂ္ဂင် အစိတ်ပဲရှိသေးတယ်။ ပညာချည်း ရှိရုံနဲ့ နိဗ္ဗာန်ရမလား။ နာမည်က မဂ္ဂင် အစိတ်ပဲ ရှိသေးတယ်။ အဲဒီ သီလ၊ သမာဓိ၊ ပညာ၊ အားလုံး ပေါင်းလိုက်မှ မဂ္ဂသစ္စာ ထိုက်ပါတယ်။

မဂ္ဂသစ္စာထိုက်တယ်ဆိုတော့ အောက်က ဘီးရော၊ ဘော်ဒီရော၊ စတီယာတိုင်ရော အကုန်လုံး အင်ဂျင်ရော ကောင်းသွားတဲ့ ကားဟာ မောင်းပေရောပေါ့။

ဝင်ရိုးရော၊ ဘီးရော၊ လှည်းအိမ်ရော၊ ထမ်းပိုးတုံးရော ထားတဲ့ လှည်းဟာ မောင်းပြီးတော့ သွားရုံပဲ မဟုတ်လား။

အဲဒီတော့ သီလချည်းရှိရုံနဲ့ မရသေးဘူး။ သမာဓိချည်း ရှိရုံနဲ့ မရသေးဘူး။ ပညာချည်းရှိရုံနဲ့ မရသေးဘူး။ အစိတ်အပိုင်းတွေ



အားလုံး ပေါင်းလိုက်မှ မဂ္ဂဆိုတဲ့ အပေါင်းဖြစ်ပြီးတော့မှ မဂ်ဖိုလ် နိဗ္ဗာန်ကို ရောက်မှာပေါ့။ ဘုန်းကြီးတို့ ဒကာ ဒကာမများ "ခရေစေ့ တွင်းကျ" ပြန်စဉ်းစားပါ။ တချို့က နတ်ပြည်ရောက်ရုံမျှနဲ့ ကျေနပ်ပြီ၊ လူ့သထက်လူ့နိုင်အောင် လုပ်နေတာပဲ။ မိမိတတ်စွမ်းသမျှလှူ၊ နိဗ္ဗာန် ကို ရည်မှန်းလှူ၊ ငါးပြားလှူ၊ ဆယ်ပြားလှူ၊ အကုသိုလ် ကင်းဖို့လို တယ်။ တစ်နည်း ကုသိုလ်တရား များပြားဖို့လိုတယ် မဟုတ်လား။

ကုသိုလ်ပြုရာ၊ ကုသိုလ်သာ၊ ကောင်းစွာဖြစ်ပါစေ။
ကုသိုလ်ပြုရာ၊ အကုသိုလ်မှာ၊ ရောလာ မသင့်ပေ။

ကုသိုလ်ပြုရာမှာ အကုသိုလ် မရောရဘူး။ အခုခေတ်က ကုသိုလ်ပြုရာမှာလည်း အကုသိုလ်တွေ ရောနေကြတယ်။ မွေးနေ့ကျ မှ ကုသိုလ်ပြုမယ်။ ဘယ်နေ့ကို ဗေဒင်ဆရာက ဟောလို့ ဘယ်နေ့ကျ မှ ဘာလုပ်မယ်ဆိုတာ ကိုယ့်ကုသိုလ် နှောင့်နှေးအောင်၊ အကျိုးပေး ကြန့်ကြာအောင် လုပ်နေတာနဲ့ အတူတူပဲ။ ဒါတွေလည်း လောကမှာ အများကြီး ရှိပါတယ်။

ဒါကြောင့် ကုသိုလ်ပြုရာမှာ အကုသိုလ် ရောမလာပါစေနဲ့။ တကယ့် စစ်စစ်မှန်မှန် ကြည်ကြည်လင်လင် ဖြစ်ပါစေ။ ဒါနပဲ လုပ် လုပ်။

ပကာသနဒါန၊ လာဘဒါန၊ ဘယဒါန၊ နာမည်ကျော်ကြား လူသိများအောင် လှူတာ ပကာသနဒါန။ ဒီမှာတင် လူသိများရုံလောက် စိတ်ဆုံးနေလို့ နိဗ္ဗာန်မရောက်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



လာဘာဒါန၊ ထောင်မြင်လို့ ရာစွန့်တာ။ အသက်ရှည်ဖို့၊ အနာကင်းဖို့၊ စာမေးပွဲအောင်ဖို့၊ ရာထူးတက်ဖို့၊ အကြံအစည် အောင်ဖို့ ဆိုပြီးတော့ ပေးကြကမ်းကြတာက ဒါနမမြောက်ပါဘူး။ ခုခေတ်က ဒီမှာတင် ဆုံးနေပြီ။ နိဗ္ဗာန်မရောက်ပါဘူး။ မနှစ်က "ခရီးသွားနှင့် ခရီးနား" ဟောပြီးသားပါ။

နောက်တစ်ခု ဘယဒါန။ ပစ္စည်းရှိလျက်သားနဲ့ မပေးမလှူရင် ကဲ့ရဲ့သဖြင့် အတင်းဆိုကြမယ်။ တစ်နည်း အနိုင်အထက်ကျင့်ပြီး တော့ မပေးမနေရ ပေးရမယ်ဆိုရင်လည်း ကုသိုလ်မရပါဘူး။ ကြောက်လို့သာပေးရတာ ဂိတ်ဆုံးနေပြီ။ နိဗ္ဗာန်မရပါဘူး။

အဲဒီတော့ ဘာပဲဖြစ်ဖြစ်–

**"အနုမသော ပဏ္ဍု မုဋ္ဌိမတ္တ ဒါနဝိ"**

သစ်ရွက်တစ်ဆုပ် အလှူပဲ ဖြစ်ပါစေ–

**"ဣဒံ မေ ဒါနံ အာသဝက္ခယံ ဝဟံ ဟောတု"**

ကျွန်ုပ်ရဲ့ ကုသိုလ်သည် အာသဝေါလေးပါးကုန်တဲ့ နိဗ္ဗာန်အတွက် အကြောင်းအထောက်အပံ့ ဖြစ်ပါစေလို့ ဆိုရင်–

**"သမ္မာ ဌပိတံ ဟောတိ စိတ္တနိုသိတံ"**

ကိုယ့်ပစ္စည်းကို ကောင်းကောင်းထားရာလည်း ရောက်တယ်။ ဝဋ်မှ ထွက်မြောက်ရာဖြစ်သော ကုသိုလ်အစစ်လည်း ဖြစ်ပါတယ်။

အခုခေတ်ကတော့ သူတစ်ပါး သိန်းဘယ်လောက် လှူတယ်၊ ငါလည်း သိန်းဘယ်လောက် လှူနိုင်အောင်ဆိုပြီး မာနသနတွေများ



ပြီး မတော်မတရားတွေနဲ့ ဒါနတွေ လုပ်နေတာ။ ဒါနလုပ်ဖို့ရာဆိုပြီး ပစ္စည်းရှာနေရင် ကုသိုလ်ဘက် အချိန်နည်းသွားပြီပေါ့။

ဒီထက် လောကဖြစ်ရပ်တွေ ပြောရမယ်ဆိုရင်–

**ထမိန်နှစ်ထမ်ခါ၊ ရှေ့ရှာ၊ လှူရှာ ဘုရားပွဲ။**

ဘုရားရဲ့ ဘဏ္ဍာတော်တွေ ထုတ်ပြီးတော့ ဇာတ်ရုံတွေ ဆောက်၊ ကန်ထရိုက်တွေခွဲ၊ ဈေးဆိုင်တွေပွင့်။ အဲဒီပေါ် ယိုကြ ပေါက်ကြ စွန့်ကြ ပစ်ကြ။ ရလိုက်မှာပ ကုသိုလ်ကြီး။ တချို့ ရှေ့နား ကြားဖူးသေးတယ်။ ဇာတ်ကလည်း လူမလာ၊ စာရင်းချုပ်လိုက်တော့ ဘုရားထံ ငွေငါးရာ အကြွေးတင်တယ်တဲ့။ ဘုရားတောင်မှ အကြွေး တင်ခံရတယ်။ ဒီခေတ်က ..။

အဲဒီတော့ ဒါနပြုပြု၊ သီလပြုပြု။ သီလပြုပုံကို မနှစ်က ပြောခဲ့ပြီ။

ဘီလူးသီလ၊ နဂါးသီလ၊ ဆက်ရက်သီလ၊ စာကလေးသီလ၊ သစ်ကြုတ်သီလ။ "ဘီလူးသီလ" ဆိုတာ ညနေစာ မစားရဘူးဆိုပြီး ဗိုက်ကားအောင် စားတယ်။ "နဂါးသီလ" ဆိုတာ စားပြီးတော့ ချောင်ကောင်းကောင်း ထိုးအိပ်တယ်။ "ဆက်ရက်သီလ" ဆိုတာ အိပ်ရာကနိုး ဆေးလိပ်တို့ လက်ကြားညှပ်ပြီးတော့ အတင်းပြောနေ တာ။ "စာကလေးသီလ" အချိန်ကုန်တဲ့အခါ ကဲ .. ပြန်ဦးမယ် ကောင်မရေ "ဟီးရာ၊ အင်နော့" နောက်နေ့ကျမှ ဒီအချိန် ဒီနေရာ ပြန်တွေ့ကြသေးတာပေါ့လေ ..တဲ့ တာ ဆိုပြီတော့ စာကလေး သီလ။ ဘာတရားမှ မရဘူး။

www.burmeseclassic.com

"သစ်ကြုတ်သီလ" မိုးရွာတယ်။ သစ်ကြုတ်နေတဲ့ နေရာမှာ ရေတွေလွှမ်းသွားလို့ သစ်ကြုတ် အစာ စားစရာမရှိတော့ – ကိုင်း မစားရအတူတူ ဥပုသ်စောင့်မယ်။ သိကြားမင်းက အောင်မယ် ‥ ကိုသစ်ကြုတ်တို့ ဥပုသ်စောင့်လို့ပါလား။ သိကြသေးတာပေါ့လေ ဆိုပြီးတော့ သမင်ပျို့မသဏ္ဌာန် ဖန်ဆင်းပြီးတော့ ဟန်ရေးပြလိုက်တာ ကိုသစ်ကြုတ်က "စားရက်ကြုံတော့ မှတ်ဆိတ်များစွဲ" နောက်ရက် မှ ဥပုသ်စောင့်မယ်ဆိုပြီး ဗိန်းမောင်းချီ လိုက်လိုက်တာ။ သိကြားမင်း ဖန်ဆင်းတဲ့ သမင်ဆိုတော့ မီပါ့မလား။ နောက်ကျ ပျောက်သွားတဲ့ အခါကျတော့မှ ကိုသစ်ကြုတ်က နှုတ်ခမ်းမွေးသပ်၊ မျက်လုံးလေး မှိတ်ကာ မှိတ်ကာနဲ့ တော်သေးရဲ့ သီလမကျိုးသေးဘူး၊ အခုခေတ် ဈေးပိတ်လို့စောင့်တာ သစ်ကြုတ်သီလ၊ ကျောင်းပိတ်လို့စောင့်တာ သစ်ကြုတ်သီလ၊ ရုံးပိတ်လို့စောင့်တာ သစ်ကြုတ်သီလ။

ငါ ဒီနေ့ ဥပုသ်စောင့်လိုက်ရင် ငွေ ဈာ ထောင် သိန်း သောင်း မရဘူး။ မရ နေပါစေလို့ ပြတ်ပြတ်သားသား ကုသိုလ်သာ အရယူမယ် ဆိုတဲ့ သီလမျိုးကျမှ မဂ်ဖိုလ်နိဗ္ဗာန်ကို ရမှာ။

အခုတော့ ဈေးပိတ်လို့၊ ကျောင်းပိတ်လို့၊ ရုံးပိတ်လို့ စောင့် တယ်။ စောင့်တော့ ကြည်ကြည်လင်လင်လားဆိုတော့ မဟုတ်ဘူး။ အဟံဘန္တေ ပြီးကြလေတော့ဆိုပြီး ဟိုမသာတုန်းက ငါမမေးဖြစ်သေး ဘူး၊ သွားဦးမှ။ ဟိုမင်္ဂလာဆောင် ငါမသွားဖြစ်သေးဘူး၊ ရုံးက ဖွင့် နေလို့၊ ကျောင်းကဖွင့်နေလို့ အခုသွားဦးမှ။ အဲဒါ ဥပုသ်လည်လို့ ခေါ်ပါတယ်။ ဥပုသ်နေ့မို့ အားအားရှိလို့ လျှောက်လည်တာ။



နောက် တကယ့်ဥပုသ်နေ့မှန်း သိလျက်သားနဲ့ မျက်နှာ သနပ်ခါးအပွေးသားနဲ့ဆိုတော့ ဥပုသ်ခြယ်။

နောက်တစ်ခါ ညနေစာမစားရတော့ဘူး ဆိုပြီးတော့ မိုက်ကား အောင်စားတာက "အူပုပ်သယ်"။ ဒါတွေပဲ များနေကြတယ်။

စနစ်တကျ မှန်ကန်စွာနဲ့ တစ်နေ့တာ အချိန်ကုန် ကြိုးစားပြီး တော့မှ အနှစ်ယူရမှာ မဟုတ်လား။ ကမ္ဘာ့"ပဓော်ဖက်ဆာ" ပညာရှင် ကြီးတွေ အတွေးမပေါ်မီက ၂၄–နာရီ အလုပ်လုပ်ရင် ကုန်ထုတ်စွမ်း အား တိုးတက်လိမ့်မယ်ဆိုပြီးတော့ အလုပ်လုပ်ကြတယ်။ ဒါပေမယ့် အနားမရလို့ နွမ်းရိပန်းခွေဖြစ်ပြီး ကုန်ထုတ်တာ ကျဆင်းသွားတယ်။ မဖြစ်သေးဘူးဆိုပြီးတော့ ခုနစ်ရက်တစ်ပတ် တနင်္ဂနွေဆိုပြီးတော့ အနားပေးခဲ့ပါတယ်။ ဒါတောင်မှ ကုန်ထုတ်က ထင်သလောက်မတက် တော့ ဒီနေ့ စနေနေ့ပါ ထည့်ပြီးတော့ ခုနစ်ရက်တစ်ပတ်မှာ ငါးရက်ပဲ အလုပ်လုပ်ကြတာ။ အဲဒီကျမှ ကုန်ထုတ်စွမ်းအား မတိုးတက်တာသာ ရှိရမယ်။ မှန်တမ်း အခြေအနေရှိလာတယ် မဟုတ်လား။

တို့ဘုရားကလည်း လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကွင်းဆင်း လေ့လာကြည့်လိုက်တဲ့အခါ သတ္တဝါတွေဟာ နေ့ရှိသမျှ သားကျွန်၊ သမီးကျွန်၊ လင်ကျွန်၊ မယားကျွန်၊ အိုးကျွန်၊ အိမ်ကျွန်။ အဲဒါကြောင့် ခုနစ်ရက်တစ်ပတ် ဒီလူတွေတော့ ကိုယ်ပိုင်ကုသိုလ်ဖြစ်သင့်တယ် ဆိုပြီးတော့ ဥပုသ်နေ့ ဥပုသ်စောင့်ဖို့ဆိုပြီး နည်းညွှန်ပေးခဲ့တယ်။ အဲဒါ တို့ရဲ့ပရိသတ်က မအားပါဘူးဆိုပြီးတော့ ဝါတွင်းသာစောင့်ပြီး ဝါလည်းကျွတ်ရော ဥပုသ်လည်းကျွတ်ရော။ ရလိမ့်မှာပ နိဗ္ဗာန်ကြီး။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ပြုရာ၊ အထူမှာ၊ ရောယှာမသင့်ဝေ။

အကုသိုလ်မှ၊ ကုသိုလ်ရ၊ မြတ်လှ ထောင်းလှဝေ။

အကုသိုလ်က ကုသိုလ်ရ၊ ရကော ရနိုင်ပါ့မလားလို့ ဆိုရင်တော့ (၄၉) ကြိမ်မြောက် ပူဇော်ပွဲကျမှပဲ ဆက်လက်ဟောပါ့မယ်။ ခုတော့ တော်ပြီ။

အဲဒါကြောင့် တို့ဒကာ ဒကာမတွေ ကုသိုလ်ပြုတဲ့အခါ ကုသိုလ်ရဖို့ အရေးကြီးပါတယ်။ ခုဟာ "အုတ်ရောရော၊ ကျောက်ရောရော" ရောတိရောရာ ရောဆရာကြီးတွေချည်း များနေကြတယ်။ တခြားရဲ့ အမျိုးဘာသာ အယူဝါဒတွေက လွှမ်းမိုးနေတာကို တို့ ပရိသတ်က လက်ခံနေကြတယ်။

ပြောရရင် အများကြီး။ ဓာရထာပရိတ်တို့ ပရိမိတ္တဇာလသုတ်တို့ ဘာတို့ညာတို့ဆိုတာ ဖက်စပ်တွေ။ "အော်ရီကျင်နယ်" မဟုတ်ဘူး။ ဘုန်းကြီးဘုရား ဓာရဏပရိတ်လေး ရွတ်ပေးပါဘုရား။ ခင်းများ ဆွမ်း ပြန်အန်ရမလား။ မရွတ်ဘူး။ ဘာများအောက်မေ့နေလဲ စနေသား တက်တိုး။

ဘယ်နှယ့် မဟုတ်က ဟုတ်ကတွေနဲ့ ဟိုဟာရော ဒီဟာရော စောပြီးတော့ ရောက်နေကြတယ်။ ကိုင်း . . . ရှိစေတော့ . .။

အဲဒါ မယ်ခုဇ္ဇာသည် တရားနာရင်း ဒေသနာလမ်းပေါ်မှာ သူ့ဉာဏ်တင်တယ်ဆိုတာ လက်တွေ့ ရှုပွားအားထုတ်လိုက်တာ သောတာပန်တည်တော့ . .။



## ခုဇ္ဇုတ္တရာ ရှစ်ကျပ်ဖိုးလုံး ပန်းဝယ်

ထားရင်လည်း နေမယ်၊ သတ်ရင်လည်း သေမယ်ဆိုပြီးတော့ ရှစ်ကျပ်ဖိုးလုံး ပန်းဝယ်သွားတယ်။

သာမာဝတီက "အလို . . မယ်ခုဇ္ဇာ၊ ပန်းတွေက များလှချည်လား။ ဘုရင်က မေတ္တာတိုး ပန်းဖိုးတွေများ ပိုပေးလိုက်လေသလား"။

"တင်ပါသည် သခင်မ၊ ယခင်ကလည်း ရှစ်ကျပ်ဖိုးပဲ ပေးပါတယ်။ ဘုရားကျွန်မ အလိုဆိုးနဲ့ လေးကျပ်ဖိုး လေးကျပ်ဖိုး ဖြတ်ခိုးခဲ့တယ်။ ဒီနေ့ ဘုရားထံက တရားနာယူမှတ်သား ကျင့်ပွားခဲ့ရလို့ တရားမှန်မြင်သဖြင့် ထားရင်လည်းနေမယ်၊ သတ်ရင်လည်း သေမယ်ဆိုပြီးတော့ ရှစ်ကျပ်ဖိုးလုံး ဝယ်ခဲ့ပါသည် သခင်မ။"

ဘယ်လောက်ဖြောင့်တုံး။ သောတာပန်အရိယာဖြစ်လာတော့ ဖြောင့်လာတယ်။ သောတာပန်အရိယာ မဖြစ်သေးသမျှတော့ မဖြောင့်ဘူး။ ဘုန်းကြီးတို့က အကြံပြုရရင်တော့ ကမ္ဘာမှာ အုပ်ချုပ်မယ့်

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်တွေဟာ အနည်းဆုံး သောတာပန်အဆင့်လောက် တည်အောင် အားထုတ်ရင်တော့ ကောင်းပါတယ်။

"ဟဲ့ . . . မယ်ခုဇ္ဇာ၊ နင်သောတာပန် ဖြစ်ပြီ။ နင် ဘယ်လို ဘယ်လို ပြည့်စုံရမယ်" လို့ ဘုရားက မပြောလိုက်ဘူး။

သူ့ဟာသူ တရားနာပြီး ထသွားတာ။ ကြည့်နော်။ တရားက ကိုယ်အားထုတ်ရင် ကိုယ့်သဏ္ဍာန်ကို ရှိ မရှိ ရ မရ– ကိုယ်ကိုယ်တိုင် သိရမှာ။ အခု သူများကပြောလို့ သောတာပန်ဖြစ်တာတို့။ သူများက ထောက်ခံချက်ပေးလို့ သောတာပန်ဖြစ်တယ်ဆိုတာ ဘယ် နည်းမှန် လမ်းမှန် ဟုတ်မှာလဲ။

အချို့ အချို့က တစ်ယောက်က သွားအားထုတ်၊ သဘောကျ တော့ နောက်တစ်ယောက်ပို့။ နောက်တစ်ယောက်ပို့၊ ကောင်းပါတယ်။ ကောင်းတာလုပ်ဖြစ်တာပဲ ကောင်းတယ်။ ကောင်းတာလုပ်ဖြစ်တာ ဆိုတာလေးပဲ ကောင်းတယ်။ တကယ်တော့ အကုန်မကောင်းသေး ဘူး။

အခုကြည့်၊ မယ်ခုဇ္ဇာကို နင်သောတာပန်ဖြစ်ပြီ။ သောတာပန် ဖြစ်ရင် ဒါတွေ ဒါတွေ တည်ရမယ်လို့ ဘုရားက မပြောလိုက်ပါဘူး။

ကိုယ့်ဟာကို အားထုတ်လို့ သောတာပန်တည်တယ်၊ သူ့ဟာ သူ သောတာပန်ရဲ့ ဂုဏ်ရည်တွေ ပြည့်ဝပြီးတော့ ယူသွားတာ မဟုတ် လား။ ဟိုကျတော့လည်းပဲ မျက်နှာထားတည်တည်နဲ့ ထားရင်လည်း နေမယ်၊ သတ်ရင်လည်း သေပါ့မယ် သခင်မ။ ရဲရဲတောက် ပြောတာ။



ဒါကြောင့် ကမ္ဘာ့ခေါင်းဆောင်ကြီးတွေ ဟရားအားထုတ်ရင် မကောင်း ဘူးလား။ အရမ်းကောင်းတယ်လို့တော့ မပြောကြနဲ့။

ဒီခေတ်က တော်တော်ခက်တယ်။ မိန်းကလေးတစ်ယောက် တွေ့ရင် သိပ်ချောတယ်၊ အလွန်ချောတယ်၊ အလွန်လှ၊ ဟုတ်တာပေါ့။ အခုတော့ မဟုတ်ဘူး။ အပြတ်မိုက်တယ်။

နောက် အဲဒီစကားဟာ ဖြူးဆရာတော် အပြတ်မိုက်တာပဲတဲ့၊

ငါ့လက်ထဲ ယပ်တောင်ပဲရှိတယ်၊ ဓါးလည်း မရှိဘူး။ သေနတ် လည်း မရှိဘူး။ ဘာပြောတာတုံး။ ဘုန်းဘုန်းကလည်း တရားဟော ကောင်းတယ်လို့ ပြောတာ။ တရားဟောကောင်း ကောင်းတယ်လို့ ပြောပါလား။

အဲဒီလောက်ထိ ရောင့်တက်ပြီးတော့ လာကြတယ်၊ အကောင်းဆုံးကို အဆိုးဆုံးဖြစ်အောင် ပြောင်းပြန် ပြန်နေကြတာ။ အဲဒီတော့ ဒီခေတ်ကြီးထဲ ကြာကြာမနေချင်ဘူး။ ဘုန်းကြီး (၃) ရက်နေ့ကျရင် မြိတ်ကို သွားမယ်။

ကိုင်း မယ်ခုဇ္ဇာကြည့်၊ အမြင်မှန်ရမသွားလား။ ရသွားတဲ့အခါ ကျတော့ အဲဒီလိုပဲ ဖြောင့်ချက်မှန်ကန်စွာပေးတော့ သာမာဝတီက လည်း နှလုံးသားနူးညံ့တယ်။

"ဟယ် . . . ရဲရဲတောက်ပါလား။ ငါသတ်စေဆို သူသေရမှာ ကြည့်စမ်း . . အသက်ကိုတောင် မငဲ့ပဲနဲ့ ပြောရဲတဲ့သူ့တရားဟာ အားကိုး ထိုက်တယ်။"

www.burmeseclassic.com

## ခုဇ္ဇုတ္တရာထံ သာမာဝတီ တရားနာ

"မယ်ခုဇ္ဇာ ‥ သင်ရတဲ့တရား ငါတို့ကို ဟောပါ"

"ဒီလို မဟောနိုင်ပါဘူး သခင်မ"

"ဘယ်လိုမှ ဟောနိုင်မှာလဲ"

"ကန်တော့ပွဲကောင်းမှ ပေးနိုင်ပါမယ်"

သူများပြောသံ ကြားဖူးတယ်။ ရန်ကုန် ကန်တော့ပွဲထက် မန္တလေးကန်တော့ပွဲက သာတယ်လို့ ပြောကြတယ်။ သူများပြောတာ ကြားဖူးတာပါ။

အဲဒီတော့ –

"ဘယ်လို ကန်တော့ပွဲတင်ရမှာလဲ"

"ကျွန်မကို နံ့သာအိုး (၁၆) လုံးနဲ့ ရေချိုးပေးရပါမယ်။ အရှင်မ ဝတ်တဲ့ အဝတ်မျိုး ဝတ်ပေးရမယ်။ အရှင်မ ထိုင်တဲ့ သလွန်ပေါ်ဓာ ကျွန်မထိုင်ပြီးတော့ အရှင်မတို့ အောက်က ဒူးတုပ် လက်အုပ်ချီနာမှ ဟောပေးနိုင်မယ်"

### သာမာဝတီနဲ့ မောင်းမငါးရာ သောတာပန်တည်

ပုထုဇဉ်အတွေးနဲ့သာ တွေးရင် ဈေးကိုင်လုချည်လား မယ်ခုဇ္ဇာ ပေါ့။ အဲဒါ သတိထားရတယ်။ သာမာဝတီကလည်း နှလုံးသား နူးညံ့လို့ ပါရမီ နိုးကြားပွင့်လင်းချိန် ရောက်လို့ သူပြောတဲ့အတိုင်း နံ့သာအိုးရေ (၁၆)လုံးနဲ့ ရေချိုးပေးတယ်။ သာမာဝတီဝတ်တဲ့ အကောင်းဆုံးဆိုတဲ့ အထက်တန်းစား အဝတ်တွေကို ဝတ်ပြီးတော့ သလွန်ပေါ်မှာ ခုဇ္ဇာဆိုတဲ့ ကျွန်မ၊ အစေခံ ပန်းအဝယ်တော်ကို ထားပြီးတော့ သူတို့က အောက်က ရှိသေစွာ တရားနာတယ်။ ခုနက အတိုင်း "**ဒေသနာနုသာရေန ဉာဏံ ပေသေတွာ**" ဒေသနာကို အစဉ် လျှောက်ပြီးတော့ သူ့ဉာဏ်တင်လိုက်တယ်ဆိုရင်ပဲ သာမာဝတီနဲ့ အပေါင်းပါ ငါးရာ သောတာပန် တည်ပါတယ်။

ကြည့်စမ်း။ ဘယ်လောက် အဆင့်မြင့်တုံး။ မယ်ခုဇ္ဇာက သင်တို့ သောတာပန်တည်ပြီလို့ မပြောပါဘူး။ ပြောစရာရော လိုသလား။ ကိုယ်ကိုယ်တိုင် စားတာ ဝ,မဝ ကိုယ့်အပြင် အခြားလူ ဘယ်သူ သိမှာလဲ။

လောက ပြောနေတာ။ စားစား ‥ ကိုယ်ဝရင် ကျပ်ဝသလိုပဲ၊ လိမ်နေကြတာ။ ပြီးတော့ တိတ်တိတ်ခိုး သွားစားတာ။ အခုဟာ ဒီလို မဟုတ်ဘူး။ ကိုယ်ကိုယ်တိုင် အားထုတ်ရင် ကိုယ်ကိုယ်တိုင်ကို သိတာ။ အဲဒီကျတော့မှ မယ်ခုဇ္ဇာ ငါတို့အမေ အမေများက ရုပ်နာမ် သို့မဟုတ် ခန္ဓာကိုယ် အင်္ဂါ ခြေလက်တွေ လူအဖြစ် မွေးလာခဲ့တာ၊ ဒါပေမယ့် တို့ဟာ ပုထုဇဉ်။ အခု တို့အရိယာအဖြစ် ရောက်ရခြင်းသည် သင်၏တရား နာယူကျင့်ပွားလို့ ဖြစ်ရတာ။ ဒါကြောင့် –

"သင်က တို့ကို မွေးပေးလိုက်လို့ ဒီနေ့ကစ သင်သည် ကျွန် အမှုလုပ်၊ အစေခံ ပန်းအဝယ်တော် မဟုတ်တော့ဘူး။ မိခင် ဖြစ်သွားပြီ"



www.burmeseclassic.com

ကြည့်စမ်း။ ဒီစကားကို တန်ဖိုးထောက်ကြည့်လိုက်ရင် အရိယာအဖြစ်ဟာ သူများက ထောက်ခံရမှာလား။ ကိုယ်ကိုယ်တိုင်သိရမှာလား။

ဒါကြောင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးများက–

**ထိုထိုဉာဏ်အဆင့်၊ ထိုထိုတိုင်အျင့်၊ အသင့် ဆုံးဖြတ်ရာ။**

အခုခေတ်လူတွေက ကြည့်။ ဟိုလိုက် ဒီလိုက်နဲ့ အပြောကောင်းရာပါတော့ ပုတ်သင်ညိုယောဂီ၊ ရေပေါ်ဆီယောဂီ၊ ရေခဲစိမ်ယောဂီ၊ ရိပ်သာနေတော့ ဟုတ်သလိုလို၊ ရေခဲသေတ္တာထဲ ထားတော့ ဟုတ်သလိုလို၊ ရေခဲသေတ္တာထဲကလည်း ထုတ်ရော ပုတ်ရိကြွေခွေပွပြီးရော။ အဲဒီတော့ ဒီပြင်လူက ...... ဆန်တာ တော်သေးရဲ့။

တို့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်များက ကိုယ့်ဂုဏ်ကိုယ်ထိန်းမှ။

ခုနက ဆရာတော်ကလည်း ညီညွတ်ရေး ဟောသွားတယ် မဟုတ်လား။

ဘုန်းကြီးက စည်းလုံးရေး ဟောတာ။ ယောဂီဆိုရင် ယောဂီ စည်းစည်းလုံးလုံး။ ကိုယ့်ယောဂီရဲ့ ကိုယ်အားထုတ်တဲ့ဉာဏ်နဲ့ စည်းစည်းလုံးလုံး ရှိရမယ် မဟုတ်လား။ ဘုန်းကြီးယယ်တုန်းက သီချင်းလေး ဆိုပြရဦးမယ်။ တော်ကြာ ဟိုရိပ်သာလည်း ဒီယောဂီ မျက်နှာ၊ ဒီရိပ်သာလည်း ဒီယောဂီမျက်နှာ။ အလကားကျွေးတာတွေ စားပြီး။



"ဟိုပင်သည်ပင် ကူးပါလို့ မျောက်ကြီး .... ခုန်နေတယ်။ ဟိုပင်သည်ပင် ကူးပါလို့ မျောက်ကြီး ခုန်နေတယ်။"

ဒီပြင်ဟာတွေ ပြောရင် ကြာနေမှာစိုးလို့ တော်ပြီ။

အဲဒီတော့ သောတာပန်တည်သွားတဲ့ ကိုယ့်အရည်အချင်း ကိုယ်သိတဲ့ ခုဇ္ဇုတ္တရာ။

သာမာဝတီတို့က မိခင်အရာထားပြီး ကျွန်ုပ်တို့ရဲ့ လုပ်ငန်း မလုပ်ရတော့ဘူး။ ရှင်မရဲ့လုပ်ငန်းကို ကျွန်ုပ်တို့လုပ်ပေးမယ်။ ရှင်မက ဘေးကနေပြီးတော့ တရားပွဲရှိသမျှ ဘုရားတရားပွဲတွေ လိုက်နာပါ။ သူက လွှတ်လပ်တယ်လေ။ ဟိုတုန်းက ဘုရင်ဥတေန အဲဒီလို မဟုတ်သေးပဲကိုး။ အဲဒါနဲ့ အနယ်နယ်အရပ်ရပ် ရှိတဲ့တရားပွဲတွေကို မယ်ခုဇ္ဇာ နာပြီးတော့မှ သာမာဝတီမိဖုရားတို့ကို ပြန်ပြန်ဟောပြတယ်။ အဲဒီက အလေ့အကျင့်နဲ့ ဉာဏ်တွေရင့်လာ။ နောင်သောအခါကာလ သူသည် ပိဋကတ်သုံးပုံဆောင် ထေရီမကြီး ဖြစ်ခဲ့ပါတယ်။"**ဣတိဝုတ္တက**"

**ဣတိ**– ဤသို့၊ **ဝုတ္တံ**– ဆိုတယ်၊ က– ဖြစ်တယ်။

ဘုရား ဒီလိုဟောခဲ့ပါတယ်လို့ ဘုရားရဲ့တရားကို ဖောက်သည်ချတာ ထေရီမကြီး ခုဇ္ဇုတ္တရာ။ ဒါသမိုင်းအစဉ်ပဲ ရှိပါသေးတယ်။

ဘုန်းကြီးတို့ ပေးထားတဲ့တရားနာမည်က "**နတ်တို့ထမ်းတဲ့ လူ့ဘဝ**"။

အခု ဘုန်းကြီးပြောခဲ့တာတွေထဲမှာ မှတ်သားဖွယ်ရာ အများကြီးပါသွားပြီ။ ဉာဏ်စဉ်လည်း ပါသွားပြီ။ သောတာပန်ဖြစ်တယ်။

အဓိပ္ပာယ်ဖြစ်တယ်။ ပါသွားပြီ။

အဲဒီတော့ တရုတ်လူမျိုးနဲ့ မင်းသားပျက်တို့ မြစ်ကူးကြတယ်။ ညနေ နေညိုညို လေပြေကသုတ်၊ လှိုင်းက ထန်။ အဲဒီမှာ တရုတ်နဲ့ မင်းသားပျက်တို့ကတော့ ဟိုဘက်ကမ်း လှေလှော်သွားကြတယ်။ ဝဝတုတ်တုတ်ဈေးသည်ကြီးက မောင်ရင်တို့ ဟိုဘက်ကမ်း သွားမလား။ ငါလည်း လိုက်ပါရစေ။

မဖြစ်ဘူး။ ခင်ဗျားခန္ဓာကိုယ်နဲ့ လှေကသေးသေးလေးနဲ့ လှိုင်းလေထန်နေတာ။

ငါမသွားမဖြစ်လို့ပါကွာ။ ဖွတ်လိုက်တယ်။ ဟိုဘက်ယိမ်း ဒီဘက်ယိမ်းနဲ့ ကြာတော့ လှေက နစ်ရော။ နစ်တော့ အဲဒီမိန်းမကြီးက ရေမှ မကူးတတ်တာ။ သေရောဗျာ။ ဟိုလူနှစ်ယောက်ကတော့ လှေသမားကိုး။ အဲဒါနဲ့ ရုံးရောက်သွားကြရော။ ရုံးပေါ်ရောက်တော့ ကိုင်းပြောစမ်းဟေ့ဆိုတော့ နောက်ကလူက မင်းသားပျက်။ ဟော့ကောင်းမင်းဖြစ်ပုံ ပြောစမ်းကွာ—

"ပြောရတော့မယ် ...။ ဟိုယခင်ကစ၊ လေပြေစ၍ မိုးကျလေသော်......"

ကြာတော့ တရားသူကြီးက .. စနေသားနဲ့တူတယ်။ ဟာရှည်တာကွာ။ ဟိုရှေ့ကကောင် ပြောစမ်း။ ရှေ့ကလူက ဘာပါလိမ့်။ တရုတ်။ တရုတ်ဆိုတာ ဒုံးပုံ။ ကျွန်ုပ်ရှေ့ထိုင်၊ စုပုံကိုင်၊ အမလေးအော်၊ ရေထဲနော်၊ နောက်ကိုပြန်ကြည့် စုမရှိ။



အခုလဲ ဘုန်းကြီးက တရုတ်အမျိုးသားဆိုတော့ တရုတ်လိုပဲ ပြောတော့မယ်။ ဘုန်းကြီးတို့ တာဝတိံသာစသည့် နတ်များမှာ သေတော့မယ့် အခါကာလ နိမိတ်ငါးမျိုး ထင်တယ်။ ရှေ့ပြေး အကြောင်းငါးမျိုး။ တရုတ်လို ပြောရမှာဆိုတော့ ....၊ ပြောရတော့မယ် ....လို့ မလုပ်တော့ဘူး။

www.burmeseclassic.com

## နတ်တို့သေခါနီး ရွှေပြေးနိမိတ် ၅–မျိုး

✣ ဝတ်ညစ် ပန်းညှိုး ချွေးလေးယိုဖြာ။
မလှအဆင်း နေခင်းမသာ။
နိမိတ် ပုဗ္ဗ ငါးဝ ထင်လာ
နတ်စုတေး ဖြစ်လေး ဓမ္မတာ။

နတ်တို့သေတော့မယ်ဆိုရင် ရှေ့ပြေးနိမိတ် အကြောင်းငါးမျိုး ထင်တယ်တဲ့။ စာတုမဟာရာဇ် နှစ် ၅၀၀၊ တာဝတိံသာ နှစ် ၁၀၀၀၊ ဆထက်သာ တက်သွား၊ သူတို့ရဲ့ ဘုံ နတ်သက်ရှိသမျှ အဝတ် ဘယ်တော့မှ မညစ်ဘူးတဲ့၊ ညစ်လာပြီဆိုရင် ဒီနတ်သေဖို့ပဲ။ နောက် သူတို့မွေးကတည်းက စပြီး ပန်လာတဲ့ပန်းသည် ငါးရာ တစ်ထောင် နှစ်ချီသမျှ မလဲရဘူး၊ မညှိုးရဘူး။ အဲဒီပန်း ညှိုးလာရင် သူတို့ သေတော့မယ်။

ချွေးလေးယိုဖြာ။ သူတို့ရဲ့ နတ်သက်တမ်းအလျောက် လက်ကတီးကြား စသည်က ချွေးမကျရဘူး။ အကယ်၍ ချွေးကျပြီဆိုရင် ဒီနတ် သေဖို့သာ ပြင်ပေတော့။



မလှအဆင်း။ ခန္ဓာကိုယ်မှာ တို့လူတွေလိုပေါ့လေ။ မိုးရွာတော့ နေပူတော့၊ ပူလွန်းတော့၊ အေးလွန်းတော့၊ ရုပ်ပျက် ဆင်းပျက် သူတို့မှာ မရှိဘူးတဲ့။ အကယ်၍ အဲဒီလို အဆင်းဖောက်ပြန်လာရင် သေဖို့သာ ပြင်ပေတော့။

တို့လူတွေမှာ ကိုယ်လက် မအီမသာ ရှိကြတယ် မဟုတ်လား။ နတ်တွေမှာ အဲဒါမျိုးမရှိဘူး။ အကယ်၍ ကိုယ်လက် မအီမသာဖြစ်လာရင် ဒီနတ်ဟာ သေဖို့ပဲ။

အဲဒါ နိမိတ်ငါးမျိုး။ စာတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ။ တိုတိုပဲ။ ဘုန်းကြီး နတ်ပြည်ရောက်တုန်းက လေ့လာခဲ့တာ။

အဲဒီလို ငါးမျိုးထင်လာရင် ဒီနတ် ဘာလဲ။ သေမယ်ဆိုတော့ နတ်မမာမေးကြတယ်။ တို့ လူမမာမေးသလို ကွေလီကာလီနဲ့ ဘာပဲ ညာပဲ၊ ပြန်လည်းထွက်လာရော ငါတော့ မထင်ပါဘူး။ ဟိုတုန်းက တော့ ဘာပြုပါတယ်၊ ညာပြုပါတယ်ပြော။ အပြင်ဘက်ကျတော့ ငါဖြင့် မထင်ပါဘူး။ တို့ လူမမာမေးကြတာတွေ။

ဘုန်းကြီးများ မမာရင် လာမမေးနဲ့။ မေးလည်းမေးမှာမှ မဟုတ်ဘဲနဲ့။

နတ်မမာမေးကြတဲ့–

"ကုလတော ဘော သုဂတိံ ဂစ္ဆ
သုဂတိံ ဂန္တွာ သုလဒ္ဓါ လာဘံ။
လာဘိတွာ သုပ္ပတိဋ္ဌိတော ဘဝါဟိ တိ" ..သုံးခွန်း။

www.burmeseclassic.com

www.burmeseclassic.com



**ဆော–** အို နတ်သား နတ်သမီး။ **တွံ–** သင်သည်၊ **ဣတော–** ဤငါတို့နေရာ နတ်တို့ရွာမှ၊ **သုဂတိံ–** ကောင်းမြတ်လှသော သုဂတိဘဝသို့၊ **ဂစ္ဆ–** မရောက် အရောက် သွားပါလေတော့လား အမောင်နတ်သား၊ အမောင် နတ်သမီး။ **ဣတိ–** ဤသို့၊ **ပဋ္ဌမံ–** ရှေးဦးစွာသော၊ **ဝါဝံ–** စကားကို၊ **အဘာသိ–** ကောင်းစွာမသေ့ ပြောဆိုကြပေသတည်း။

အချိန်ရတဲ့ စခန်းမျိုးဆိုရင် ဒါလေးတွေ ဆစ်ဆစ် တောက်တောက်ပြီးတော့ သဒ္ဒါနည်းတွေ သွင်းပြီးတော့ ပြောစရာ။ အခုတော့ အဲဒီလောက်ထိ ပြောဖို့အချိန်မရတော့ပါဘူး။

ဒီတော့ –

(၁) သုဂတိဘဝ သွားပါ။

တို့လောက လူတွေက အရေးကြီးရင် နော်ကာဒတ်၊ နတ်ကတော်ဆီသွားကြတယ်။ ဝါခေါင်လဆိုရင် ဘယ်သွား။ တောင်ပြုံးသွား။ တောင်ပြုံးပြီးတော့ ဘယ်ဆက်တုံး။ ရတနာ့ဂူ။ အေး အဲဒီပဲ။ အဲဒီနတ်တွေသွားတာ။ တို့ ပရိသတ်မြင်ဖူးရင် တော်တော် အံ့မှာ။ ဘုန်းကြီးတို့က မန္တလေး စစ်ကိုင်းနေလာတာ နှစ် ၂၀–ကျော်ကို။ တစ်နှစ်တာလုံး ဖုန်တက်နေတဲ့ နတ်တွေကိုလေ နတ်ကတော်က ထဘီစုတ်နဲ့ ဖုန်ခါ။ ဖုန်ခါပြီး ခေါင်းကိုင်ကိုင်ပြီးတော့ ဟိုထန်းခေါက်တောင်းထဲထည့်။ ပြီးတော့ ထင်းရှူးသေတ္တာထဲထည့်။ အဲဒါတွေလှည်းပေါ် ကားပေါ်တင်ပြီး နတ်ကတော်က ဖင်ခုထိုင်သွားတာ။



ဘယ်လောက်များ တန်ခိုးကြီးတဲ့ဟာတွေလဲ။ ဖင်ခုထိုင်ပြီးတော့ ဟိုတောင်ပြုံးလည်း ရောက်ရော ရေဝတီမြစ်ထဲ ရေဆေးပစ်ရတော့တာပဲ။

ဒါတွေကို တို့လူတွေက သွားကိုးကွယ်တယ်။ ပူဇော်ပသတယ်။ အတော်ခက်တာပဲ။ တကယ်ရှိ ဘုရား၊ တရား၊ သံဃာပြီးနေပြီ။

သူတို့ကို အမျှဝေလိုက် နတ်တို့အတွက် ကုသိုလ်ဟာ ရှားပါးကုန်ပစ္စည်း။ ရှားပါးကုန်ပစ္စည်းကုသိုလ်ကို ပေးလိုက်ရင် သူတို့ ဝမ်းမသာဘူးလား။

အဲဒီတော့ နတ်တို့အတွက် ရှားပါးကုန်ပစ္စည်းကို ပေးလိုက်တယ်ဆိုရင် သူတို့အတွက် အကျိုးမများဘူးလား။ အခုတော့ ဘာမှန်းလည်း မသိ၊ ညာမှန်းလည်း မသိ။

ဘယ်နှယ့်လဲ တို့ပရိသတ်၊ ဒေသနာတော်လမ်းကြောင်းကြီး မဟာမင်္ဂလသုတ္တန်၊ ဟေမဝတသုတ္တန်၊ ပရာဘဝသုတ္တန်၊ နတ်နဲ့ပတ်သက်တဲ့ သုတ္တန်တွေဆိုရင် လူတွေအိပ်မှ နတ်တွေ ဘုရားထံလာကြတာ။ ခုတော့ ပူးချင်တဲ့အချိန်ပူး။ မနက်လည်း ပူး၊ နေ့လည်းပူး ညလည်းပူး။ ပူးပဲ ပူးနိုင်လွန်းလှ။

(ရန်ကုန်မြို့က ပိုများပါတယ် ဘုရား ...။)

သိလို့ဟောတာ။ အဲဒါတွေ ရှောင်ကြဦး တို့ပရိသတ်။ ကြာရင်ရှုပ်မျက်ဆင်းပျက် ဖြစ်ကုန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကိုင်း . . . အခု နတ်တွေ လာကြတော့ ဘုရားရှိရာ ညအခါမှာ လာပြီးတော့ ကောင်းကောင်း ကုသိုလ်တရားတွေနဲ့ လျှောက်ထားကြတာ။ ထားပါတော့။ နတ်နဲ့ ပတ်သက်လို့ စပ်မိစပ်ရာ ပြောတာပါ။ သူများအတင်းလည်း မပြောတတ်ပါဘူး။

အဲဒီတော့ နတ်တွေ သေတော့မယ်ဆိုရင် သုဂတိဘဝသွားပါ။ သုဂတိ ဘဝဆိုတာ လူ့ပြည်ကိုပြောတာပါတဲ့။

တို့လူတွေ ပစ္စည်းပျောက်တော့ နော်ကဒတ် ဘာဒင်ဆရေဘယ်နှယ့်တုံး။ ခရော်စင် ဖြစ်နေပါလား။ ဟိုမှာကတော့ နတ်တွေတကယ်အရေးကြီးရင် လူ့ပြည်လာတာ။ တို့ လူတွေက အရေးကြီးတော့ ဘာဒင်ဆရေနဲ့ နော်ကဒတ်ထံချည်းသွားတာပဲ မဟုတ်လား။ အဲဒါလေးလည်း စဉ်းစားပါ။

အဲဒီမှာ လူ့ပြည်ကို သွားပါတဲ့။

❖ နတ်ထို့ရွာမှ လူ့ဘဝ မြတ်လှသုဂတိ လူဖြစ်ချေ။

ဟိုကတော့ သုဂတိဘဝသွားပါလို့ ပြောတာ။ ရဟန်းတစ်ပါးကဘုရားလျှောက်တော့ ဘုရားက . . နတ်တွေအတွက် သုဂတိဆိုတာလူ့ဘဝပြောတာပါ။

အဲဒီတော့

(၂) သုဂတိ– ကောင်းမြတ်လှစွာ လူတို့ရွာသို့၊ ဂစ္ဆ– သွားရှိသုလဒ္ဓါ လာဘံ– အစလသဒ္ဓါကျော်တဲ့ သောတာပန်ဖြစ်သည့်တိုင်



အောင်သော ခိုင်မြဲသည့် သဒ္ဓါတရားလာဘ်ကို၊ လာဘံ– မရ အရယူခဲ့ပါလေတော့လား အမောင်နတ်သား . . .။

အကောင်းဆုံး လူ့ပြည်ကို သွားပါ။ သွားပြီးတော့ အစလသဒ္ဓါတည်းဟူသော သောတာပန်ဖြစ်သည့်တိုင်အောင် တရားအားထုတ်ခဲ့ပါတဲ့။

ဒီထဲမှာ အဓိပ္ပါယ်တွေ သွင်းပြောမယ်ဆိုရင် အမြတ်ဆုံးလူ့ဘဝရောက်ပြီးတော့ အိမ်ထောင်သားမွေး စီးပွားရေးလောက်နဲ့ လူ့ဘဝကျေနပ်မလာပါနဲ့၊ မကျေနပ်ပါနဲ့။ အစလသဒ္ဓါ ဆိုတဲ့ သောတာပန်အဆင့်တိုင်အောင် အားထုတ်ခဲ့ပါ။

❖ လူ့ပြည်ရောက်ဖြန့် သောတာပန် အမှန်သဒ္ဓါလာဘ် ရယူလေ။

(၃) သုလဒ္ဓါလာဘံ– ကောင်းသော အစလသဒ္ဓါဆိုတဲ့ သောတာပန် အဖြစ်တည်းဟူသော လာဘ်လာဘကို၊ လဒ္ဓါတွာ– ရယူပြီးသကာလ၊ သုပ္ပတိဋ္ဌိတော– ကောင်းစွာတည်သည်၊ ဘဝါဟိ– ဖြစ်ပါလော့။

မှာတမ်းဆိုတာက ဟောဒီပစ္စည်းလေးကို ဟောဒီကနေပြီး ဘယ်ပို့လိုက်ပါ။ နောက် အကြောင်းပြန်ရသေးတယ် မဟုတ်လား၊ အခုဟာလည်းပဲ။

မင်း . . (၁) လူ့ပြည်ကို သွား၊ (၂) တရားအားထုတ်ခဲ့၊ (၃) အဲဒီရလာတဲ့ တရား တို့နတ်ပြည်တိုင်အောင် ယူခဲ့ပါလို့ ဟောဒီပုံရည်ရွယ်ချက်။

www.burmeseclassic.com

www.burmeseclassic.com



❖ လာဘ်ကြီးမဟာ၊ မြတ်သဒ္ဒါ၊ ရဟာထိုယ်ဝယ်မြဲပါစေ။

စကားဆာယ်နှစ်ခွန်းတုံး–

(၁) လူ့ပြည်ကို အရောက်သွားပါ၊

(၂) တရားအားထုတ်ပါ၊

(၃) အားထုတ်ပြီးတော့ တို့ဆီကို ပြန်လာခဲ့ပါတဲ့။

**"နတ်တို့တမ်းတာ လူ့ဘဝ"**

ကြည့်စမ်း။ တို့လောကမှာ တခြားမှာ စီးပွားရေးရှာကြတယ်။ ရိက္ခာကုန်တော့ ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်အိမ် ပြန်မယူဘူးလား။ နတ်ပြည်တက်သွားတယ်ဆိုတာ ရိက္ခာသွားရှာတာ။ ကိုယ့်ရဲ့ ကုသိုလ် ရိက္ခာကုန်သွားတော့ လူ့ပြည်မှာပြန်ပြီးတော့ ကုသိုလ်ယူရပါတယ်။ ဒါကိုက ဘယ်လောက် မွန်မြတ်သလဲ။ ဒါက အကျဉ်းချုပ် သုံးခွန်း တော့ ပြီးသွားပြီ။ အဲဒီအထဲမှာ ဒုတိယအပိုဒ်ဟာ အရေးကြီးဆုံးပဲ။

❖ လူ့ဖြစ်ဖြစ်လေဖြန့်၊ သောတာဝန်၊ အမွန်သဒ္ဒါလာဘ် ရယူလေ။

အဲဒါ အရေးကြီးဆုံးပဲ။ အဲဒီတော့ လူ့ဘဝဟာ ဘာတွေ ကြောင့် မွန်မြတ်တာလဲ။

**ဣဓေဝ ဓမ္မုဒီပကာ မနုဿာ၊**
**ဥဋ္ဌာရာကုရုပေတာ မနုဿာ။**
**တာဝတိံသာ ဒေဝတာတိ၊**
**တီဟိ ဌာနေဟိ အဓိဂ္ဂဏ္ဟန္တိ။**



အဓိပ္ပာယ်က ဇမ္ဗူဒိပ်ကျွန်းမှာ ဖြစ်ထွန်းရတဲ့လူတွေဟာ ပဒေသာပင်ဆွတ်စားရပါတယ်ဆိုတဲ့ မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့ထက်လည်း သာတယ်။

တာဝတိံသာ နတ်ရွာ နတ်သား နတ်သမီးတို့ထက်လည်း သာတယ်။

တို့ရဲ့ ရတဲ့လူ့ဘဝ။ တစ်နည်းပြောရရင် ဇမ္ဗူဒိပ်ကျွန်းသူ ကျွန်းသား ဖြစ်ရတာ တောင်ကျွန်းသူ တောင်ကျွန်းသား ဖြစ်ရတာ–

**ဣဓေဝ ဓမ္မုဒီပကာ မနုဿာ**– ဟောဒီ ဇမ္ဗူဒိပ်ကျွန်းနေသူ လူအများတို့သည်၊ **ဥဋ္ဌာရာကုရုပေတာ မနုဿာ**– မြောက်ကျွန်းသူ မြောက်ကျွန်းသားထက်လည်း သာတယ်။ တာဝတိံတာ နတ်ရွာတို့ ထက်လည်းပဲ သာတယ်။

**"ကတမေဟိ တီဟိ သူရာ သတိမန္တော ဣဓ ဗြဟ္မစရိယာဝါ သော။"**

**သူရာ**– ရဲရင့်တယ်။ **သတိမန္တော** - အောက်မေ့ အမှတ်ရမှု ဆိုတဲ့ သတိတရား။

တို့ရိပ်သာနဲ့ ပြောတော့ သတိပဋ္ဌာန်တရားရှိသင့်တယ်၊ ရှိရ မယ်။

**ဣဓဗြဟ္မစရိယာဝါသော**၊ **ဣဓ**– ဤလူ့ပြည်ကြီးဟာ၊ **ဗြဟ္မ စရိယာဝါသော**– သာသနဗြဟ္မစရိယ၊ မဂ္ဂဗြဟ္မစရိယ၊ အဲဒီအကုန် မျိုးကိုလည်း ကျင့်သုံးနိုင်ခွင့်ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အေး . . . အဲဒီ သုံးမျိုး သာလွန်တာဗျာ။

❖ **ထာဝထိ နတ်များ ပြောထဲကျွန်းသား ဗမ္ဗူဖြားထို့ထသာ။**
**ထုသိုလ်ရဲထင့် သထိမြင့် ထောင်းချင့် သုံးမျိုး ရှိလို့ဝါ။**

(၁) ကုသိုလ်ယူရမှာ ရဲရင့်တယ်။

(၂) သတိမြင့်တယ်၊ သတိမန္တော၊

❖ **ထုသိုလ်ရဲထင့် သထိမြင့် ထောင်းချင့် သုံးမျိုး ရှိလို့ဝါ။**

ကောင်းချင့်က ဗြဟ္မစရိယာဝါသ ဆိုတဲ့ ပါဠိကို မြန်မာပြန်ထားတာ။

(၁) သူရာ– ကုသိုလ်အားဖြင့် ရဲရင့်တယ်။

(၂) သတိမန္တော– အောက်မေ့အမှတ်ရခြင်း သတိ ထိပ်ဆုံးသို့ ရောက်နိုင်တယ်။

(၃) ဣဓဗြဟ္မစရိယာဝါသော– ဒီဇမ္ဗူကျွန်းသူ ကျွန်းသားက မြတ်သောအကျင့်ရှိတယ်။

ဒါကြောင့်–

**ထုသိုလ်ရဲထင့် သထိမြင့် ထောင်းချင့် သုံးမျိုး ရှိလို့ဝါ။**

ကြည့်စမ်း။ ဘုရားက နတ်တွေကို ပြောတာ။ ဘယ်လောက်တန်ဖိုးရှိလဲ။

(၁) ကုသိုလ်တရားနဲ့ ရဲရင့်တယ်။



(၂) အောက်မေ့ အမှတ်ရမှု သတိမြင့်တယ်။

(၃) ကောင်းကျင့်တရားတွေ ရှိတယ်။

ဒါကြောင့် အိမ်ထောင်သားမွေး စီးပွားရေးလောက်နဲ့ နာမည်မယ် ဆိုရင် . . . " . . . . . . . . . . . . . . . . . ဟီ အစ်စနော့အမင့်" သူဟာ ပြည့်စုံသော လူတစ်ယောက်မဟုတ်သေးဘူး။ လူသာမန်ခေါ်ရုံလောက်ပဲ ရှိသေးတယ်။ အဲဒီ ကုသိုလ်သုံးမျိုးထဲမှာ ဒီနေ့ အချိန်ရသမျှ ဆွဲထုတ်ပြောရမယ်ဆိုရင် –

**ပုညက္ခေတ္တော အယံ လောကော။**

**သဿီမော သာသနုဇ္ဇလော။**

**နိမ္မာနံ တရုဏော သေဋ္ဌော**

**သဗ္ဗ သမ္ပတ္တိ ဒါယကော။**

**အယံလောကော**– ငါတို့ အခြေတည်၍ နေရတဲ့ ဤမြေအပြင်လောကဓာတ်ကြီးသည်ကား။ **ပုညက္ခေတ္တော**– ကုသိုလ်ဆယ်ငါးပါရမီဆယ်ဆင့် ကြီးရင့်ဖွံ့ဖြိုးရာ စိုက်ပျိုးရာမှန် မြေသန့် မြေကောင်းကြီးလည်း မှန်လှပါပေ၏။

တို့ရဲ့ လူ့ပြည်ဟာ ပုညက္ခေတ္တ၊ ပုည– ကုသိုလ်ကောင်းမှု **ခေတ္တ**– လယ်ယာ။ ကုသိုလ်ကောင်းမှု စိုက်ပျိုးရာ အဆီအနှစ်ပြည့်တဲ့ အကောင်းဆုံး လယ်ယာမြေပါ။ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မ။

www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင် တစ်နှစ်အလွန်လောက်က "ရင်ဝယ်ခွဲရမည့် ပုလဲရတနာ" ပုလဲဆယ်လုံးဆိုပြီးတော့ ဆံပယ်ဖြာကုသလ ပြုလိုက်ကြဆိုတဲ့ တရား ဒီနေ့ ဟောပြီးသားပါ။ ကုသိုလ်ဆယ်မျိုးပြုဖို့ရာ လူ့ပြည်ဟာ အကောင်းဆုံး လယ်ယာမြေပဲ။ ကောင်းတဲ့မြေက ဘာစိုက်စိုက် အထွက်တိုးသလို တို့လူ့ပြည်က ဘယ်ကုသိုလ်လုပ်လုပ် အကောင်းဆုံး အနှစ်သာရ အရည်အချင်းပြည့်ဝတဲ့ နေရာပါ။

ဒါကြောင့် ပုညကွေ့ဝွေ့ဘ၊ ဒါ အကြမ်းစား ပြောတာ။

"သသီမော သာသနုဒ္ဒယော"

**အယံလောကော**– ငါတို့ အခြေတည်၍နေရတဲ့ ဇမ္ဗူဒိပ်မြေပြင် လောကဓာတ်ကြီးသည်ကား၊ **သသီမော**– သိမ်တော်မင်္ဂလာ။ နတ်ပြည်ခြောက်ထပ် တက်ရှာ။ သိမ်ဆိုတာ တစ်လုံးမှ မရှိဘူး။ ဗြဟ္မာနှစ်ဆယ်တက်ရှာ၊ သိမ်တစ်လုံးမှ မရှိဘူး။ အပါယ်လေးပါး ထည့်မတွက်နဲ့။

လူ့ပြည်မှာလည်း အရှေ့ကျွန်း၊ မြောက်ကျွန်း၊ အနောက်ကျွန်း သိမ်တော်မင်္ဂလာရာကြည့် လုံးဝမရှိဘူး။ ဟောဒီ ဇမ္ဗူဒိပါ လက်ယာ တောင်ကျွန်းမှာသာ ရှိတယ်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးတို့ရဲ့ အတ္ထုပ္ပတ္တိထဲ ကို ကြည့်လိုက်။ နိုင်ငံခြားမှာ ဆရာတော်ဘုရားကြီးဟာ သိမ်သမုတ် တော်မူနိုင်ခဲ့တယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ သိမ်အဖွင့် နိဒါန်း ရေးတော်မူထားခဲ့တယ်။ ဘုန်းကြီးတို့ဆရာ ဦးသီလာနန္ဒ။ အခု



အမေရိကမှာပဲ။ ဆရာတော်ကြီးနဲ့ အတူတကွ သွားပြီးတော့ နေရစ် ခဲ့ပါတယ်။

အဲဒီတော့ တစ်ချိန်က ဘုရင်ကြီးက ပြောတယ်၊ တရားသမား တွေ အားထုတ်၊ သောတာပန်၊ သကဒါဂါမ် စသည် တည်ကြတယ်။ အနာဂါမ်ပေါ့ဗျာ။ ဘုရင်ကြီးက အရှင်ဘုရား တပည့်တော်တို့ဆီမှာ သာသနာအုတ်မြစ်တည်ပြီလား။

သိမ်တော်မင်္ဂလာမရှိရင် မတည်သေးဘူး ဒကာတော်။

အဲဒါကြောင့် ဘုန်းကြီးတို့လူ့ပြည်ဟာ သိမ်တော်မင်္ဂလာရှိခြင်း ကြောင့် အသာစီးရခြင်းတစ်မျိုး၊ မြတ်ခြင်းတစ်မျိုးပါပဲ။ ဘာကြောင့် တုံး။ အဲဒီသိမ်တော်မင်္ဂလာရှိမှ ရဟန်းခံလို့ရတာ။ အဲဒီ ရဟန်းတို့ရဲ့ အပြစ်ကြီး အပြစ်သေး၊ အပြစ်ကြီးငယ်တွေကို ချေဖျောက်လို့ရတယ်။ အဲဒီသိမ်ရှိမှ ရဟန်းပြစ်၊ ရဟန်းဖြစ်မှ ကိုရင်ကဖြစ်လို့ရတာ။ ကိုရင်ဖြစ်မှ လည်းပဲ ထပ်ဆင့်တစ်ဖန် ရဟန်းက တိုးလာပြန်ပါတယ်။ သိမ်ဟာ သာသနာရဲ့ မိခင်လို့ ဆိုသင့်ပါတယ်။

တချို့ ကောင်းတဲ့နယ်မြေတွေရှိတယ်။ အခု ဒီနေ့ တို့ဇမ္ဗူဒိပ် ကျွန်းဟာ အကောင်းဆုံးသော သံဃာတော် အရှင်မြတ်များကို မွေးထုတ်ပေးရာ မိခင်ပမာဖြစ်တဲ့ သိမ်တော်မင်္ဂလာရှိခြင်းဟာလည်း အမြတ်တစ်မျိုးပါ။

**အယံလောကော**– ငါတို့ အခြေတည်၍ နေရတဲ့ ဇမ္ဗူဒိပ်မြေပြင် လောကဓာတ်ကြီးသည်ကား၊ **သာသနုဒ္ဒယော**– သာသနာသုံးဆင့်

www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံတင့်၍ ပွင့်ထွန်းထွက်ပေါ်တော်မူရာ အခါကြီးပင် မှန်ပါပေ၏။

တို့ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ။ ကြည့်စမ်း။ ဒီနေရာဌာနကြီးကို ကြည့်မယ်ဆိုရင် ခေါင်ထိပ် ဝိပဿနာ မှုတွေအားထုတ်ထားတာ။ (၄၈) နှစ်မြောက်။ ဒီနေရာမှာ ဆာဦးသွင် တို့က တည်ဆောက်သွားခဲ့သလို ဝိပဿနာရ စာမေးပွဲကြီးမှာ အကြိမ် (၅၀) အခုမှပဲ ဟိုရောက်သွားတယ်။

အေး ပရိယတ် ပဋိပတ် စွယ်စုံသင့်မြတ်တဲ့နေရာကြီး မဟုတ် လား။ အဲဒီတော့ –

(၁) ပရိယတ္တိသာသနာက အလုပ်သမားသာသနာ။
(၂) ပဋိပတ္တိသာသနာက အလုပ်သမား သာသနာ။
(၃) လုပ်အားခရတာက မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့ ပဋိဝေဓ သာသနာ။

ပေါင်းလိုက်တော့ ဒီနေရာဟာ သာသနာသုံးရပ် ထွန်းကားရာ နယ်မြေကြီး မဖြစ်ဘူးလား။

**''သသီမော သာသနွှလော။''**

နောက်တစ်ခု

**''နိဗ္ဗာန တရဏော။''**

**အဿလောကော**–ငါတို့ အခြေတည်၍ နေရတဲ့ ဟောဒီမြေပြင် လောကဓာတ်ကြီးသည်ကား။ **နိဗ္ဗာန တရဏော**–နိဗ္ဗာန်သောင်ကမ်း အမြိုက်နန်းသို့ ကူးရန်လမ်းစစ် ကူးတို့ဆိပ်ကြီးလည်း ဖြစ်ခဲ့ပါပေသော။



မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာ၊ အတက် အဆင်း သာယာမှ သဘော လှေ သမ္ပာန်တို့ ဆိုက်ကပ်လို့ ရတယ် မဟုတ်လား။ အခု ဂေါတမဗုဒ္ဓသဲစုမကာ ပွင့်တော်မူကြတဲ့ ဘုရား တွေက ဟောဒီဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းကိုသာလျှင် ဆိပ်ကမ်း သာပြုပြီးတော့ ပွင့်တော်မူကြတယ်။ ဒါကြောင့် နိဗ္ဗာန်မှန်ဦး ဆိပ်ကမ်း ထူးအဖြစ်နဲ့လည်းပဲ တို့လူ့ဘဝဟာ သာလွန်ပါတယ်။

**သသီမော သာသနွှလော။**

**နိဗ္ဗာနတရဏော သေဌော။**

**သဗ္ဗသမ္ပတ္တိ ဒါယကော။**

**အဿလောကော**– ငါတို့ အခြေတည်၍နေရတဲ့ ဤမြေအပြင် လောကဓာတ်ကြီးသည်ကား။ **သဗ္ဗသမ္ပတ္တိ ဒါယကော**– လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်၊ ရိပ်ငြိမ်ခံစား ချမ်းသာမြတ်နှင့် ထွတ်ဖျား နိဗ္ဗာန် ကေနမသွေ ပေးစွမ်းနိုင်လေသောကြောင့် **သေဌော**– နတ်ပြည် နှင့်လည်း မနိုင်းသာ၊ ဗြဟ္မာ့ပြည်နှင့်လည်းပဲ မနိုင်းသင့်၊ ကြည်း ရေ မြေဆုံး အခေါင်ကပုံးတာမို့ ဩော် . . . အမြင့်ဆုံး အမြတ်ဆုံး မှန်လှပေသည်တကား . . . .။

''**နတ်တို့တမ်းတ လူ့ဘဝ**'' ဘာကြောင့် တမ်းတရပါသလဲ ဆိုတော့ ခုနက အကြောင်းတစ်မျိုး ပြောခဲ့ပါပြီ။

❖ **ထုဆိုလ်ရဲရင့်၊ သတိမြင့်၊ တောင်းတျင့်သုံးမျိုး ရှိလို့ပါ။**

www.burmeseclassic.com

www.burmeseclassic.com



အေး ..မြတ်စွာဘုရားကပြောတာ ညီညွတ်တဲ့သံဃာကို ဖူးတွေ့ရခြင်းဟာ ငါဘုရားဖူးရသလို မျက်စိမြင်ရခြင်းတကာတို့တွင် အရသာအရှိဆုံးသော မြင်ရခြင်းပဲ။

အခု ကြည့်စမ်း၊ သုံးရက်တာကာလ ဆွမ်းစားကြ၊ ရှမှတ်မှုတွေနဲ့ တရားတွေဟောကြ ရွတ်ကြ နာကြတာ မညီညွတ်ဘူးလား။ ကိုင်း ရွှေ့သွားဗျာ။

❖ **နိဗ္ဗာန်ကူးတို့၊ ဆောင်ယူဖို့၊ ရှိလို့မင်္ဂလာ မြတ်လူပြည်။**

ဩော် ..ဒါကလည်းပဲ ဟိုသုဘာပရိုဖိကြီးကို ဘုရားက

❖ **မင်္ဂလာရှစ်ဖြာ၊ ရှိရာမှန်၊ ထိုလေသာငြိမ်းသူ ရှိနိုင်ပေ။**

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့ ရှစ်ဖြာမင်္ဂလာ နိဗ္ဗာန်ဝင်။

အဲဒီ မင်္ဂလာရှစ်ပါးရှိခြင်းဟာလည်း တို့လူပြည်ရဲ့ အားသာချက်တစ်ခု။ အဲဒီမင်္ဂလာရှစ်ပါး ကိုယ့်သဏ္ဍာန်ဖြစ်အောင် ကျင့်မှ ကိုယ်သည်မြတ်သောလူဆိုတာ စနစ်တကျ ဖြစ်တော့မှာပေါ့။

❖ **နိဗ္ဗာန်ကူးတို့ ဆောင်ယူဖို့၊ ရှိလို့မင်္ဂလာ မြတ်လူပြည်။**
**လူနတ် ချမ်းသာ၊ ဘုရားပါ၊ ရနိုင်ရာ မြတ် ဤလူပြည်။**

လူဖြစ်ချင်သလား၊ နတ်ဖြစ်ချင်သလား၊ ဗြဟ္မာဖြစ်ချင်သလား။ ဘုရားဆိုတာကို ထိပ်ဆုံးပြောရင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ ဖြစ်ချင်သလား။ အားလုံး ဟောဒီ လူ့ပြည်က ရနိုင်တယ်ဗျ။



❖ **လူနတ်ဗြဟ္မာ ဘုရားပါ ရနိုင်ရာမြတ် ဤလူပြည်။**

နတ်တို့ ဘာလို့ ထမ်းတတယ်ဆိုတာ သဘာဝပေါ်လွင်သွားပါပြီ။

ကုသိုလ်ရဲရင့်ခြင်း၊ သတိမြဲခြင်း၊ ကောင်းသောအကျင့်ရှိခြင်း အဲဒါကတော့ ကိုယ်အားထုတ်မှ ကိုယ်ရမယ်။ ဒါ ခုလည်း ကျင့်နေကြတာတွေပဲနော်။

နောက်တစ်ခုက ဘာလဲ။

(၁) ကုသိုလ်မျိုးစိုက်ပျိုးရာဆိုတဲ့ ပါရမီ၊ အလုပ်ရုံ၊ စက်ရုံတည်ထောင်ရာဖြစ်လို့ မြတ်တာ။

(၂) အပါယ်လေးပါး၊ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာ့ပြည်နှစ်ဆယ်မှာမရှိတဲ့ သိမ်တော်မဂ်လာရှိခြင်းလည်း ဖြစ်တယ်။

(၃) ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓလို့ခေါ်တဲ့ သာသနာတော်သုံးရပ်၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ထွန်းကားရာဖြစ်လို့လည်း မြတ်တယ်။

(၄) နိဗ္ဗာန်ကူးတို့ ဆောင်ယူဖို့တဲ့ မဂ္ဂင်ယာဉ်တော်ကြီး ရှိလို့လည်း မြတ်တယ်။

(၅) လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားဆိုတဲ့ အဆင့်ကိုလိုချင်သလား။ ဘုရားတိုင်း ဘုရားတိုင်း၊ ဘယ်ဗြဟ္မာ့ပြည်မှ မဖြစ်ဘူး၊ ဘယ်နတ်ပြည်မှ မဖြစ်ဘူး။ မြောက်ကျွန်း၊ အရှေ့ကျွန်း၊ အနောက်

www.burmeseclassic.com

ကျွန်း မဖြစ်ဘူး။ ဟောဒီ ဇမ္ဗူဒီပါကျွန်းမှာပဲ ဖြစ်ပါတယ်။

ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဝိပဿနာ ကုသိုလ်တွေ ဆုံးအောင်ပြုကြပါဟူ၍ မေတ္တာဆန္ဒပြုရင်းဖြင့် –

"**နတ်တို့တမ်းတ လူ့ဘဝ**" ဆိုတဲ့တရား ဤတွင်ပဲ နိဂုံးတံပြီ။ အဲဒီတော့ ဟောဒီတရားကတော့ ပြီးပြီ။

ဒါန သီလ ဘာဝနာစုံဖို့ရာ ယနေ့ယခု "**နတ်တို့တမ်းတ လူ့ဘဝ**" အမည်ဖြင့် ရှိသေစွာ ဟောကြ နာကြ ကျင့်သုံးပွားများ အားထုတ်ကြရသော ကောင်းမှုကံ စေတနာအဖြာဖြာတို့ကြောင့် မအိုရာ မနာရာ၊ မသေရာ ခေမာဆိုတဲ့ နိဗ္ဗာန်နန်းဆီသို့ မြန်းအသော့ လှမ်းတော် မူနိုင်ကြပါစေ။

မအို မနာ၊ မသေရာမှန် ပြည်နိဗ္ဗာန်သို့ ကေန်ထုတ်ချောက် ရပါရ၊ ရောက်ပါရ၊ မျက်မှောက်ပြုပါရစေသောဟူ၍ သာဓုသံ အောင် နိမိတ်နဲ့ အောင်ဘိသိတ် သွန်းတော်မူနိုင်ကြပါစေကုန်သတည်း ။ ။ ။ ။

(သာဓု – သာဓု – သာဓု)